မာဒိယိ၊ ဆောက်တည်ပြီ၊သုတံ၊ အကြားအမြင်ကို၊ သမာဒိယိ၊ ဆောက်တည်ပြီ၊စာဂံ၊စွန့်ကြဲခြင်းကို၊သမာဒိယိ၊ ဆောက်တည်ပြီ၊ ပညံ၊ပညာကို၊ သမာဒိယိ၊ ဆောက်တည်ပြီ၊ သော၊ ထိုလူသည်၊ တထာဂတပ္ပဝေဒိတံ၊ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော၊ ဓမ္မဝိနယံ၊သုတ်အဘိဓမ္မာဝိနည်းကို၊အာဂမ္မ၊စွဲ၍၊သဒ္ဓံ၊သဒ္ဓါတရားကို၊သမာဒိယိတွာ၊ဆောက်တည်၍၊ သီလံ၊သီလကို၊သမာဒိယိတွာ၊ဆောက်တည်၍၊ သုတံ၊အကြားအမြင်ကို၊ သမာဒိယိတွာ၊ ဆောက်တည်၍၊ စာဂံ၊ စွန့်ကြဲခြင်းကို၊ သမာဒိယိတွာ၊ ဆောက်တည်၍၊ ပညံ၊ပညာကို၊သမာဒိယိတွာ၊ ဆောက်တည်၍၊ ကာယဿ၊ခန္ဓာကိုယ်၏၊ ဘေဒါ၊ပျက်ခြင်းကြောင့်၊ ပရံ၊နောက်၌၊ မရဏာ၊သေသည်မှ၊သုဂတိံ၊ သုဂတိဖြစ်သော၊ သဂ္ဂံလောကံ၊နတ်ပြည်သို့၊ဥပပန္နော၊ ရောက်ပြီ၊ တာဝတိံသာနံ၊ တာဝတိံသာပြည်၌ဖြစ်ကုန်သော၊ဒေဝါနံ၊နတ်တို့၏၊သဟဗျတံ၊အပေါင်း၏အဖြစ်သို့၊ဥပပန္နော၊ ကပ်၍ဖြစ်ပြီ၊သော၊ထိုလုလင်နတ်သားသည်၊တတ္ထ၊ ထိုနတ်ပြည်၌၊အညေ၊ တပါးကုန်သော၊ ဒေဝေ၊ နတ်တို့ကို၊ဝဏ္ဏေနစ၊အဆင်းအားဖြင့်လည်းကောင်း၊ယသသာစ၊အခြံအရံအားဖြင့်လည်းကောင်း၊အတိရောစတိ၊လွန်၍တင့်တယ်၏၊ ဣတိ၊ ဤသို့ အဝေါစ၊မိန့်တော်မူ၏၊ အထခေါ၊ ထိုအခါ၌၊ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ဧတမတ္ထံ၊ ဤအနက်သဘောကို၊ဝိဒိတွာ၊သိတော်မူ၍၊တာယံဝေလာယံ၊ထိုအခါ၌၊ဣမံဥဒါနံ၊ဤဥဒါန်းကို၊ဥဒါနေသိ၊ ကျူးရင့်တော်မူ၏၊ကိံ ဥဒါနေသိ အဘယ်သို့ကျူးရင့်တော်မူသနည်း၊ စက္ခုမာ၊မျက်စိအမြင်ရှိသောသူသည် ပရက္ကမေ၊လုံ့လသည်၊ဝိဇ္ဇမာနေ၊ရှိသည်ရှိသော်၊ဝိသမာနိ၊ခိုးသူစသည်တို့ကို၊ပရိဝဇ္ဇေတိ ဧဝ၊ ကြဉ်သကဲ့သို့၊ဧဝံတထာ၊ ထိုအတူ၊ဇီဝလောကသ္မိံ၊ သတ္တလောက၌၊ပဏ္ဍိတော၊ ပညာရှိသောသူသည်၊ ပါပါနိ၊မကောင်းမှုတို့ကို၊ပရိဝဇ္ဇယေ၊ကြဉ်ရာ၏၊ဣတိ၊ ဤသို့၊ဥဒါနေသိ၊ကျူးရင့်တော်မူ၏၊ဣတိ၊ ဤသို့၊သုတံ၊ကြားအပ်ပါ၏၊ ။ရာဇသုတ်ပြီး၏၊ ။

ဘင်္ဂကဿပ၊အရှင်မဟာကဿပ၊ ဆုံသုတ္တံ၊ ဤကုမာရကသုတ်ကို၊ မေမယာ အာနန္ဒတ္ထေရေန၊ အကျွန်ုပ်အာနန္ဒာ မထေရ်သည်၊ ဘဂဝတော၊ မြတ်စွာဘုရား၏၊ သမ္မုခါ၊ မျက်မှောက်တော်မှ၊ ဧဝံ၊ဤသို့၊သုတံ၊ ကြားအပ်ပါ၏၊ ကိံ သုတံ၊ အဘယ်သို့ ကြားအပ်ပါသနည်း၊ ဧကံ၊တပါးသော၊သမယံ၊အခါ၌၊ဘဂဝါ၊မြတ်စွာဘုရားသည်၊သာဝတ္ထိယံ၊သာဝတ္ထိပြည်၌၊အနာထပိဏ္ဍိကဿ၊အနာထပိဏ်သူဌေး၏၊အာရာမေ၊အရံဖြစ်သော၊ဇေတဝနေ၊ဇေတဝန်ကျောင်းတော်၌၊ ဝိဟရတိ၊ နေတော်မူ၏၊ တေနခေါပန

သမယေန၊ ထိုအခါ၌၊ သမ္ဗဟုလာ၊ များစွာကုန်သော၊ ကုမာရကာ၊ သူငယ်တို့
သည်၊ သာဝတ္ထိံ၊ သာဝတ္ထိပြည်၏၊ အန္တရာစ၊ အကြား၌လည်းကောင်း၊ ဇေ
တဝနံ၊ ဇေတဝန် ကျောင်းတော်၏၊ အန္တရာစ၊ အကြား၌ လည်းကောင်း၊
မစ္ဆကေ၊ ငါးတို့ကို၊ ဗာဓေန္တိ၊ သတ်ကုန်၏၊ အထခေါ၊ ထိုအခါ၌၊ ဘဂဝါ၊
မြတ်စွာဘုရားသည်၊ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌၊ နိဝါသေတွာ၊ သင်းပိုင်ကို
ပြင်ဝတ်ဝတ်တော်မူ၍၊ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို၊ အာဒါယ၊ ယူတော်မူ
၍၊ သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့၊ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ၊ ပါဝိသိ၊ ဝင်တော်မူ
၏၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ သမ္ဗဟုလေ၊ များစွာကုန်သော၊ တေကုမာ
ရကေ၊ ထိုသူငယ်တို့ကို၊ သာဝတ္ထိံ၊ သာဝတ္ထိပြည်၏၊ အန္တရာစ၊ အကြား၌
လည်းကောင်း၊ ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်၏၊ အန္တရာစ၊ အကြား၌
လည်းကောင်း၊ မစ္ဆကေ၊ ငါးတို့ကို၊ ဗာဓေန္တေ၊ သတ်ကုန်သည်တို့ကို၊ အဒ္ဒ
သာခေါ၊ မြင်တော်မူသည်သာတည်း၊ ဒိသွာန၊ မြင်တော်မူသောကြောင့်၊
ယေန၊ အကြင်အရပ်၌၊ တေကုမာရကာ၊ ထိုသူငယ်တို့သည်၊ အဋ္ဌိ၊ ရှိကုန်
၏၊ တေန၊ ထိုအရပ်သို့၊ ဥပသင်္ကမိ၊ ကပ်တော်မူ၏၊ ဥပသင်္ကမိတွာ၊ ကပ်
တော်မူပြီး၍၊ တေကုမာရကေ၊ ထိုသူငယ်တို့ကို၊ ဧတံဝစနံ၊ ဤစကားကို၊
အဝေါစ၊ မိန့်တော်မူ၏၊ ကိံ အဝေါစ၊ အဘယ်သို့မိန့်တော်မူသနည်း၊ ကုမာ
ရကာ၊ သူငယ်တို့၊ ဝေါ၊ တုမှေ၊ သင်တို့သည်၊ ဒုက္ခဿ၊ ဆင်းရဲမှ၊ ဘာယထ၊ ·
ကြောက်ကုန်သလော၊ ဝေါ၊ သင်တို့သည်၊ ဒုက္ခံ၊ ဆင်းရဲကို၊ အပ္ပိယံ၊ မချစ်အပ်၊
နုတိ၊ ဤသို့၊ အဝေါစ၊ မိန့်တော်မူ၏၊ ဘန္တေ၊ မြတ်စွာဘုရား၊ ဧဝံ၊ ကြောက်
ပါ၏၊ ဘန္တေ၊ မြတ်စွာဘုရား၊ မယံ၊ အကျွန်ုပ်တို့သည်၊ ဒုက္ခဿ၊ ဆင်းရဲမှ၊
ဘာယာမ၊ ကြောက်ပါကုန်၏၊ နော၊ အကျွန်ုပ်တို့သည်၊ ဒုက္ခံ၊ ဆင်းရဲကို၊
အပ္ပိယံ၊ မချစ်အပ်ပါ၊ နုတိ၊ ဤသို့၊ အဝေါစုံ၊ နားတော်လျှောက်ကြကုန်၏၊
အထခေါ၊ ထိုအခါ၌၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ဧတမတ္ထံ၊ ဤအနက်သ
ဘောကို၊ ဝိဒိတွာ၊ သိတော်မူ၍၊ တာယံဝေလာယံ၊ ထိုအခါ၌၊ ဣမံဥဒါနံ၊ ဤ
ဥဒါန်းကို၊ ဥဒါနေသိ၊ ကျူးရင့်တော်မူ၏၊ ကိံ ဥဒါနေသိ၊ အဘယ်သို့ ကျူးရင့်
တော်မူသနည်း၊ ဝေါ၊ သင်တို့သည်၊ ဒုက္ခဿ၊ ဆင်းရဲမှ၊ သစေဘာယထ၊
အကယ်၍ ကြောက်ကုန်အံ့၊ ဝေါ၊ သင်တို့သည်၊ ဒုက္ခံ၊ ဆင်းရဲကို၊ သစေအပ္ပိ
ယံ၊ အကယ်၍မချစ်ကုန်အံ့၊ အာဝိဝါ၊ မျက်မှောက်လည်းကောင်း၊ ယဒိ၊ ထင်မြို့၊ ရ
ဟောဝါ၊ မျက်ကွယ်လည်းကောင်း၊ ပါပကံ၊ ယုတ်မာသော၊ ကမ္မံဝါ၊ အမှုကို
မှုလည်း၊ မာကရောထ၊ မပြုကုန်လင့်၊ သစေ၊ အကယ်၍၊ ဝေါ၊ သင်တို့သည်၊
ပါပကံ၊ ယုတ်မာသော၊ ကမ္မံ၊ အမှုကို၊ ကရိဿထဝါ၊ ပြုမူလည်းပြုကုန်လတ္တံ့၊

ကားမျှသောသါ၊ ဖြိမှုသသင်းဖြိုကုန်အံ့။ ဦးခေါင်းလှို့ဖြေမိုးသော စိတ်ရှိသည်ဖြစ်၍ သသ်းသသာယာတံ၊ ခြေးကုန်သော၊ ဝေါ၊သင်ဘိုအား။ ဒုဘ္ဘာ၊ဆင်းရဲမှ၊ပ ရဘို၊လွှတ်ခြင်းသည်၊နအဿ္ထိမရှိပြီ၊ရှ ဘိ၊ဤ သို၊ဥဒါနေသိ၊ ကျူးမြင့်တော် မူ၏၊ရှ ဘိ ဤ သို၊သုတံ၊ကြားအပ်ပါ၏၊ ။

လုမ္မာဒ်သုတ်ပြီး၏၊

ဘန္တေကာသပ၊ အရှင်မဟာကာသပ၊ ရှင်သုဘ္ဘု၊ ဤဥပေါ သထေသုတ် ကို၊ ငမယဿာအာနန္ဒာ ဆွေရန၊ အကျဉ်းဝိအာနန္ဒာမထေရသည်၊ ဘဂဝတော၊ မြတ်စွာဘုရား၏၊ သမ္မုခါ၊ မျက်မှောက်တော်မှ၊ ဝေ၊ ဤ သို၊ သုတံ၊ ကြားအပ် ပါ၏၊ကိ ံ သုတံ၊ အဘယ်သို့ကြားအပ်ပါသနည်း၊ ဧကံ၊ တပါးသော၊ သမယံ၊ အခါ၌၊ဘဂဝါ မြတ်စွာဘုရားသည်၊ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌၊ ပုဗ္ဗာရာ မေ၊ ပုဗ္ဗာရုံကျောင်းဖြစ်သော၊ မိဂါရမာတုပါသာဒေ၊ မိဂါရ၏အမိ ဖြစ်သောဝိသာခါ၏ ပြာသာဒ်၌၊ ဝိဟရတိ၊ နေတော်မူ၏၊ ထေနခေါ ပန သမ ယေန၊ ထိုအခါ၌၊ ဘဂဝါ၊မြတ်စွာဘုရားသည်၊ တဒဟုပေါ သထေ၊ ထိုနေ့ ဥပုသ်နေ့၌၊ ဘိက္ခုသံဃပရိဝုတော၊ ရဟန်းသံဃာခြံရံလျက်၊ နိသိန္နော၊ နေတော်မူသည်၊ ဟောတိ၊ဖြစ်၏၊အထခေါ၊ထိုအခါ၌၊ အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာသည်၊ ရတ္တိယာ၊ ညဉ့်ဦးယံ၌၊ အတိက္ကန္တာယ၊ လွန်လတ် သော်၊ ပဌမေ ယာမေ၊ ပဌမယာမ်သည်၊ နိက္ခန္တေ၊ ထွက်လတ်သော်၊ အာသနာ၊ နေရာမှ၊ ဥဋ္ဌာယ၊ ထ၍၊ ဧကံသံ၊ လက်ဝဲတဘက်ပခုံးထက်၌ စီဝ ရံ၊ သင်္ကန်းကို၊ ကတွာ၊ တင်သည်ကိုပြု၍၊ ယေန အကြင်အရပ်၌၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ အတ္ထိ၊ ရှိတော်မူ၏၊ တေန၊ ထိုအရပ်သို့၊ အဉ္ဇလိံ၊ လက် အုပ်ကို၊ ပဏာမေတွာ၊ ညွှတ်ချီ၍၊ ဘဂဝန္တံ၊ မြတ်စွာဘုရားကို၊ ဧတံဝစနံ၊ ဤစကားကို၊ အဝေါစ၊ နားတော်လျှောက်၏၊ ကိ ံ အဝေါစ၊ အဘယ်သို့နား တော်လျှောက်သနည်း၊ ဘန္တေ၊ မြတ်စွာဘုရား၊ ရတ္တိ၊ ညဉ့်ဦးယံသည်၊ အတိ က္ကန္တာ၊ လွန်ပါပြီ၊ ပဌမော၊ ရှေးဦးစွာသော၊ ယာမော၊ ယံသည်၊ နိက္ခန္တော၊ ထွက်ပါပြီ၊ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်၊ စိရနိသိန္နော၊ စည်းဝေး၍ ကြာပါပြီ၊ ဘန္တေ၊ မြတ်စွာဘုရား၊ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ဘိက္ခူနံ၊ ရဟန်းတို့အား၊ပါတိမောက္ခံ၊ပါတိမောက်ကို၊ ဥဒ္ဒိသတု၊ပြတော်မူပါလော၊ ရှ ဘိ၊ ဤသို့၊ အဝေါစ၊ နားတော်လျှောက်၏၊ ဧဝံ၊ ဤသို့၊ ဝုတ္တေ၊ လျှောက်ထတ် သော်၊ဘဂဝါ၊မြတ်စွာဘုရားသည်၊ တုဏှီ၊ ဆိတ်ဆိတ်၊ အဟောသိ၊ ဖြစ်၏၊ ဒုတိယမ္ပိခေါ၊ နှစ်ကြိမ်မြောက်လည်း၊ အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာ သည်၊ ရတ္တိယာ၊ ညဉ့်ဦးယံသည်၊ အတိက္ကန္တာယ၊ လွန်ပြီးသော်၊ မဇ္ဈိမေ၊

အလည်ဖြစ်သော၊ ယာမေ၊ ယံသည်၊ နိက္ခန္တေ၊ ထွက်လတ်သော်။ အာသနာ၊ နေရာမှ၊ ဥဋ္ဌာယ၊ ထ၍၊ ဧကံသံ၊ ထက်ဝဲတဘက်ပခုံးထက်၌၊ စီဝရံ၊ သင်္ကန်းကို၊ ကတွာ၊ တင်သည်ကိုပြု၍၊ ယေန၊ အကြင်အရပ်၌၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ အတ္ထိ၊ ရှိတော်မူ၏၊ တေန၊ ထိုအရပ်သို့၊ အဉ္ဇလိံ၊ လက်အုပ်ကို၊ ပဏာမေတွာ၊ ညွတ်စေ၍၊ ဘဂဝန္တံ၊ မြတ်စွာဘုရားကို၊ ဧတံဝစနံ၊ ဤစကားကို၊ အဝေါစ၊ လျှောက်၏၊ ကိံ အဝေါစ၊ အဘယ်သို့နားတော်လျှောက်သနည်း၊ ဘန္တေ၊ မြတ်စွာဘုရား၊ ရတ္တိ၊ ညဉ့်ဦးယံသည်၊ အတိက္ကန္တာ၊ လွန်ပါပြီ၊ မဇ္ဈိမော၊ အလည်ဖြစ်သော၊ ယာမော၊ ယံသည်၊ နိက္ခန္တော၊ ထွက်ပါပြီ၊ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်၊ စိရနိသိန္နော၊ စည်းဝေး၍ကြာပါပြီ၊ ဘန္တေ၊ မြတ်စွာဘုရား၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ဘိက္ခူနံ၊ ရဟန်းတို့အား၊ ပါတိမောက္ခံ၊ ပါတိမောက်ကို၊ ဥဒ္ဒိသတု၊ ပြတော်မူပါလော၊ ဧတံ၊ ဤသို့၊ အဝေါစ၊ နားတော် လျှောက်၏၊ ဒုတိယမ္ပိခေါ၊ နှစ်ကြိမ်မြောက်လည်း၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ တုဏှီ၊ ဆိတ်ဆိတ်၊ အဟောသိ၊ ဖြစ်၏၊ တတိယမ္ပိခေါ၊ သုံးကြိမ်မြောက်လည်း၊ အာယသ္မာ အာနန္ဒော၊ အရှင်အာနန္ဒာသည်၊ ရတ္တိယာ၊ မဇ္ဈိမယံသည်၊ အတိက္ကန္တာယ၊ လွန်ပြီးသော်၊ ပစ္ဆိမေ၊ နောက်ဆုံးဖြစ်သော၊ ယာမေ၊ ယံသည်၊ နိက္ခန္တေ၊ ထွက်လတ်သော်၊ အရုဏေ၊ အရုဏ်သည်၊ ဥဒ္ဓတေ၊ တက်လတ်သော်၊ ရတ္တိယာ၊ ညဉ့်၏၊ နန္ဒိမုခိယာ၊ သန်ရှင်းသောမျက်နှာရှိသော်၊ အာသနာ၊ နေရာမှ၊ ဥဋ္ဌာယ၊ ထ၍၊ ဧကံသံ၊ ထက်ဝဲတဘက်ပခုံးထက်၌၊ စီဝရံ၊ သင်္ကန်းကို၊ ကတွာ၊ တင်သည်ကိုပြု၍၊ ယေန၊ အကြင်အရပ်၌၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ အတ္ထိ၊ ရှိတော်မူ၏၊ တေန၊ ထိုအရပ်သို့၊ အဉ္ဇလိံ၊ လက်အုပ်ကို၊ ပဏာမေတွာ၊ ညွတ်စေ၍၊ ဘဂဝန္တံ၊ မြတ်စွာဘုရားကို၊ ဧတံဝစနံ၊ ဤစကားကို၊ အဝေါစ၊ နားတော်လျှောက်၏၊ ကိံ အဝေါစ၊ အဘယ်သို့ နားတော်လျှောက်သနည်း၊ ဘန္တေ၊ မြတ်စွာဘုရား၊ ရတ္တိ၊ ညဉ့်သည်၊ အတိက္ကန္တာ၊ လွန်ပါပြီ၊ ပစ္ဆိမော၊ နောက်ဆုံးဖြစ်သော၊ ယာမော၊ ယံသည်၊ နိက္ခန္တော၊ ထွက်ပါပြီ၊ အရုဏော၊ အရုဏ်သည်၊ ဥဒ္ဓတော၊ တက်ပါပြီ၊ ရတ္တိ၊ ညဉ့်သည်၊ နန္ဒိမုခီ၊ သန်ရှင်းသောမျက်နှာရှိပါပြီ၊ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်၊ စိရနိသိန္နော၊ စည်းဝေး၍ ကြာပါပြီ၊ ဘန္တေ၊ မြတ်စွာဘုရား၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ဘိက္ခူနံ၊ ရဟန်းတို့အား၊ ပါတိမောက္ခံ၊ ပါတိမောက်ကို၊ ဥဒ္ဒိသတု၊ ပြတော်မူပါလော၊ ဧတံ၊ ဤသို့၊ အဝေါစ၊ နားတော်လျှောက်၏၊ အာနန္ဒ၊ အာနန္ဒာ၊ ပရိသာ၊ ပရိသတ်သည်၊ အပရိသုဒ္ဓါ၊ မစင်ကြယ်၊ ဧတံ၊ ဤသို့၊ အဝေါစ၊ မိန့်တော်မူ၏၊ အ

ထခေါ၊ ထိုအခါ၌၊ အာယသ္မတောမဟာမောဂ္ဂလာနဿ၊ အရှင်မဟာမောဂ္ဂလာန်အား၊ ထေဝ်သော့ပရိဝိဘက္ကော၊ ဤသို့သောအကြံသည်၊ အဟောသိ၊ ဖြစ်၏၊ ကိံ အဟောသိ၊ အဘယ်သို့ဖြစ်သနည်း၊ ကိံ နူးခါပုဂ္ဂလံ၊ အဘယ်ပုဂ္ဂိုလ်ကို၊ သန္တာယ၊ ရည်၍၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ အာနန္ဒ၊ အာနန္ဒာ၊ ပရိသာ၊ ပရိသတ်သည်၊ အပရိသုဒ္ဓါ၊ မစင်ကြယ်၊ ဣတိ၊ ဤသို့၊ အာဟ၊ မိန့်တော်မူသနည်း၊ ဣတိ၊ ဤသို့၊ အဟောသိ၊ ဖြစ်၏၊ အထခေါ၊ ထိုအခါ၌၊ အာယသ္မာမဟာမောဂ္ဂလာနော၊ အရှင်မဟာမောဂ္ဂလာန်သည်၊ သဗ္ဗာဝန္တံ၊ အလုံးစုံရှိသော ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို၊ စေတသာ၊ စိတ်ဖြင့်၊ စေတော၊ စိတ်ကို၊ ပရိစ္စ၊ ပိုင်းခြား၍၊ မနသာကာသိ၊ နှလုံးသွင်း၏။ အာယသ္မာမဟာမောဂ္ဂလာနော၊ အရှင်မဟာမောဂ္ဂလာန်သည်၊ ဒုဿီလံ၊ သီလမရှိသော၊ ပါပဓမ္မံ၊ ယုတ်မာသော အကျင့်ရှိသော၊ အသုစိံ၊ မစင်ကြယ်သော၊ သင်္ကဿရသမာစာရံ၊ ရွံရှာအပ်သောအကျင့်ရှိသော၊ ပဋိစ္ဆန္နကမ္မန္တံ၊ ဖုံးလွှမ်းအပ်သောမကောင်းမှုရှိသော၊ အဿမဏံ၊ ရဟန်းမဟုတ်သော၊ သမဏပဋိညံ၊ ရဟန်းဟုဝန်ခံသော၊ အဗြဟ္မစာရိံ၊ မြတ်သောအကျင့်မရှိသော၊ ဗြဟ္မစာရိပဋိညံ၊ မြတ်သောအကျင့်ကိုကျင့်၏ဟုဝန်ခံသော၊ အန္တောပူတိံ၊ အတွင်း၌ပုပ်သော၊ အဝဿုတံ၊ ကိလေသာတို့ဖြင့်စွတ်သော၊ ကသမ္ဗုဇာတံ၊ ယောက်သွားပုပ်သဖွယ်ဖြစ်သော၊ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာ၏၊ မဇ္ဈေ၊ အလယ်၌၊ နိသိန္နံ၊ ထိုင်နေသော၊ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို၊ အဒ္ဒသာခေါ၊ မြင်သည်သာတည်း၊ ဒိသွာန၊ မြင်သောကြောင့်၊ အာသနာ၊ နေရာမှ၊ ဥဋ္ဌာယ၊ ထ၍၊ ယေန၊ အကြင်အရပ်၌၊ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်၊ အဟောသိ၊ ရှိ၏၊ တေန၊ ထိုအရပ်သို့၊ ဥပသင်္ကမိ၊ ကပ်၏၊ ဥပသင်္ကမိတွာ၊ ကပ်ပြီး၍၊ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို၊ ဧတံဝစနံ၊ ဤစကားကို၊ အဝေါစ၊ ဆို၏၊ ကိံ အဝေါစ၊ အဘယ်သို့ဆိုသနည်း၊ အာဝုသော၊ ငါ့ရှင်၊ ဥဋ္ဌေဟိ၊ ထလော့၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ဒိဋ္ဌော၊ သိမြင်တော်မူအပ်သည်၊ အသိ၊ ဖြစ်၏၊ တေ၊ သင်အား၊ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်၊ သဒ္ဓိံ၊ တကွ၊ သံဝါသော၊ ပေါင်းဘော်ခြင်းသည်၊ နတ္ထိ၊ မရှိ၊ ဣတိ၊ ဤသို့၊ အဝေါစ၊ ဆို၏၊ အထခေါ၊ ထိုအခါ၌၊ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်၊ တုဏှီ၊ ဆိတ်ဆိတ်နေသည်၊ အဟောသိ၊ ဖြစ်၏၊ ဒုတိယမ္ပိခေါ၊ နှစ်ကြိမ်မြောက်လည်း၊ အာယသ္မာမဟာမောဂ္ဂလာနော၊ အရှင်မဟာမောဂ္ဂလာန်သည်၊ တံပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို၊ ဧတံဝစနံ၊ ဤစကားကို၊ အဝေါစ၊ ဆို၏၊ ကိံ အဝေါစ၊ အဘယ်သို့ဆိုသနည်း၊ အာဝုသော၊ ငါ့ရှင်၊ ဥဋ္ဌေဟိ၊ ထပါလော့၊ ဘဂဝတာ၊ မြတ်စွာဘုရားသည်၊ ဒိဋ္ဌော၊ သိမြင်တော်မူအပ်သည်၊ အသိ၊ ဖြစ်၏၊ တေ၊ သင်အား၊

ဘိက္ခုုဟိ၊ရဟန်းတို့နှင့်၊သဒ္ဓိံ၊ တကွ၊သံဝါသော၊ ပေါင်းဖော် ခြင်းသည်၊
နတ္ထိ၊မရှိ၊ဣတိ၊ဤသို့၊အဝေါစ၊ဆို၏၊ဒုတိယမ္ပိခေါ၊ နှစ်ကြိမ်မြောက်လည်း၊
သောဘိက္ခုဘော၊ထိုပုဂ္ဂိုလ်သည်၊တုဏှီ၊ဆိတ်ဆိတ်နေသည်၊အဟောသိ၊ဖြစ်
၏၊တတိယမ္ပိခေါ၊သုံးကြိမ်မြောက်လည်း၊ အာယသ္မာမဟာမောဂ္ဂလ္လာနော၊
အရှင်မဟာမောဂ္ဂလ္လာန်သည်၊တံပုဂ္ဂလံ၊ထိုပုဂ္ဂိုလ်ကို၊ဧတံဝစနံ၊ဤစကား
ကို၊အဝေါစ၊ဆို၏၊ကိံ၊အဝေါစ၊အဘယ်သို့ဆိုသနည်း၊အာဝုသော၊ငါ့ရှင်၊
ဥဋ္ဌေဟိ၊ထလော၊ဘဂဝတာ၊မြတ်စွာဘုရားသည်၊ဒိဋ္ဌော၊သိမြင်တော်မူအပ်
သည်၊အသိ၊ဖြစ်၏၊တေ၊သင်အား၊ဘိက္ခုုဟိ၊ရဟန်းတို့နှင့်၊သဒ္ဓိံ၊တကွ၊သံ
ဝါသော၊ပေါင်းဖော်ခြင်းသည်၊နတ္ထိ၊မရှိ၊ဣတိ၊ဤသို့၊အဝေါစ၊ဆို၏၊တတိ
ယမ္ပိခေါ၊သုံးကြိမ်မြောက်လည်း၊ သောဘိက္ခုဘော၊ ထိုပုဂ္ဂိုလ်သည်၊ တုဏှီ၊
ဆိတ်ဆိတ်နေသည်၊အဟောသိ၊ဖြစ်၏၊ အထခေါ၊ထိုအခါ၌၊ အာယသ္မာမ
ဟာမောဂ္ဂလ္လာနော၊အရှင်မဟာမောဂ္ဂလ္လာန်သည်၊တံပုဂ္ဂလံ၊ထိုပုဂ္ဂိုလ်ကို၊
ဗာဟာယံ၊လက်မောင်းကို၊ဂဟေတွာ၊ကိုင်၍၊ ဗဟိဒွါရကောဋ္ဌကာ၊တံခါး
မုတ်၏အပမှ၊နိက္ခမိတွာ၊ထွက်စေ၍၊ သူစိဃဋိကံ၊ တံခါးကျဉ်ကို၊ဒတွာ၊
ပေး၍၊ယေန၊အကြင်အရပ်၌၊ဘဂဝါ၊မြတ်စွာဘုရားသည်၊အတ္ထိ၊ရှိ၏၊တေန၊
ထိုအရပ်သို့၊ဥပသင်္ကမိ၊ကပ်၏၊ဥပသင်္ကမိတွာ၊ ကပ်ပြီး၍၊ဘဂဝန္တံ၊မြတ်
စွာဘုရားကို၊ဧတံဝစနံ၊ဤစကားကို၊အဝေါစ၊နားတော်လျှောက်၏၊ကိံ၊အ
ဝေါစ၊အဘယ်သို့လျှောက်သနည်း၊ဘန္တေ၊မြတ်စွာဘုရား၊မယာ၊အကျွန်ုပ်
သည်၊သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်ကို၊နိက္ခာမိတော၊ထွက်စေအပ်ပြီ၊ပရိသာ၊
ပရိသတ်သည်၊ ပရိသုဒ္ဓါ၊စင်ကြယ်ပါပြီ၊ ဘန္တေ၊မြတ်စွာဘုရား၊ဘဂဝါ၊
မြတ်စွာဘုရားသည်၊ဘိက္ခုုနံ၊ရဟန်းတို့အား၊ပါတိမောက္ခံ၊ပါတိမောက်ကို
ဥဒ္ဒိသတု၊ ပြတော်မူပါစေသော၊ ဣတိ၊ဤသို့၊ အဝေါစ၊ နားတော်လျှောက်၏၊
မောဂ္ဂလ္လာန၊မောဂ္ဂလ္လာန်၊အစ္ဆရိယံ၊အံ့ဘွယ်ရှိစွ၊မောဂ္ဂလ္လာန၊မောဂ္ဂလ္လာန်၊
အဗ္ဘုတံ၊မဖြစ်ဘူးမြဲဖြစ်စွ၊ သောမောဃပုရိသော၊ ထိုမဂ်ဖိုလ်မှအချည်း
နှီးဖြစ်သော ယောကျ်ားသည်၊ ယာဝဗာဟာ ဂဟဏာပိနာမ၊ လက်ကို
ဆွဲသည့်တိုင်အောင်လည်း၊ အာဂမိဿတိ၊နေထင့်၏၊ဣတိ၊ဤသို့၊ အဝေါ
စ၊ မိန့်တော်မူ၏၊ အထခေါ၊ ထိုအခါ၌၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊
ဘိက္ခူ၊ ရဟန်းတို့ကို၊ အာမန္တေသိ၊ မိန့်တော်မူ၏၊ ကိံ၊အာမန္တေသိ၊ အ
ဘယ်သို့ မိန့်တော်မူသနည်း၊ ဘိက္ခဝေ၊ ရဟန်းတို့၊ အဟံ၊ ငါဘုရားသည်၊
ဒါနိ၊ယခု၊ ဣတော၊ဤအခါမှ၊ ပရံ၊နောက်၌၊ ဥပေါသထံ၊ဥပုသ်ကို၊ နက
ရိဿာမိ၊ မပြုလတ္တံ့၊ပါတိမောက္ခံ၊ ပါတိမောက်ကို၊ နဥဒ္ဒိသိဿာမိ၊ မပြ

သတ္တ့၊ဘိက္ခုဝေ၊ရဟန်းတို့၊ ဒါနိ၊ယခု၊ဆွတော၊ဤအခါမှ၊ပရံ၊နောက်၌၊တဒု
မ္မဝ၊ သင်တို့သည်သာလျှင်၊ ဥပေါသထံ၊ဥပုသ်ကို၊ ကရေယျာထ၊ပြုကြ
ကုန်သော၊ ပါတိမောက္ခံ၊ပါတိမောက်ကို၊ ဥဒ္ဒိသေယျာထ၊ပြကြကုန်လော၊
ဘိက္ခုဝေ၊ရဟန်းတို့၊ ယံယေန၊အကြင်အကြောင်းကြောင့်၊ တထာဂတော၊
ငါဘုရားသည်၊ အပရိသုဒ္ဓါယ၊ မစင်ကြယ်သော၊ ပရိသာယ၊ပရိသတ်၌၊
ဥပေါသထံ၊ ဥပုသ်ကို၊ ကရေယျ၊ပြုရာ၏၊ ပါတိမောက္ခံ၊ ပါတိမောက်ကို၊
ဥဒ္ဒိသေယျ၊ပြရာ၏၊ ဧတံဌာနံ၊ ဤအကြောင်းသည်၊ အဋ္ဌာနံ၊အကြောင်းမ
ဟုတ်၊ဧသောကြာကာသော၊ဤအရာသည်၊ အနဝကာသော၊အရာမဟုတ်၊
ဘိက္ခုဝေ၊ရဟန်းတို့၊ယေ၊အကြင်အံ့ဖွယ်သရဲတို့ကို၊ဒိသွာဒိသွာ၊မြင်ကုန်၍
မြင်ကုန်၍၊အသုရာ၊အသုရာနတ်တို့သည်၊မဟာသမုဒ္ဒေ၊မဟာသမုဒ္ဒရာ၌၊
အဘိရမန္တိ၊မွေ့လျော်ကုန်၏၊ မဟာသမုဒ္ဒေ၊မဟာသမုဒ္ဒရာ၌၊တေအစ္ဆရိ
ယာ၊ထိုအံ့ဖွယ်သရဲတို့သည်၊ တေအဗ္ဘုတဓမ္မာ၊ ထိုမဖြစ်ဘူးမြဲဖြစ်သော
တရားတို့သည်၊ဣမေအဋ္ဌ၊ဤရှစ်ပါးတို့တည်း၊ကတမေအဋ္ဌ၊အဘယ်ရှစ်ပါး
တို့နည်း၊ဘိက္ခုဝေ၊ရဟန်းတို့၊မဟာသမုဒ္ဒေါ၊မဟာသမုဒ္ဒရာသည်၊အနုပုဗ္ဗ
နိန္နော၊ အစဉ်အတိုင်းနိမ့်၏၊ အနုပုဗ္ဗပေါဏော၊အစဉ်အတိုင်းညွတ်၏၊အနု
ပုဗ္ဗပဗ္ဘာရော၊ အစဉ်အတိုင်းရှိုင်း၏၊ အာယတကေနေဝ၊ အစကပင်လျှင်၊
ပပါတော၊ချောက်သည်၊နအတ္ထိ၊မရှိ၊ဘိက္ခုဝေ၊ရဟန်းတို့၊ယံယေန၊အကြင်
အကြောင်းကြောင့်၊ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်၊ အနုပုဗ္ဗနိန္နော၊
အစဉ်အတိုင်းနိမ့်၏၊ အနုပုဗ္ဗပေါဏော၊ အစဉ်အတိုင်းညွတ်၏၊ အနုပုဗ္ဗ
ပဗ္ဘာရော၊အစဉ်အတိုင်းရှိုင်း၏၊ အာယတကေနေဝ၊အစကပင်လျှင်၊ပပါ
တော၊ချောက်သည်၊ နအတ္ထိ၊မရှိ၊တေန၊ထိုကြောင့်၊ ဘိက္ခုဝေ၊ရဟန်းတို့၊
ယံ၊အကြင်သဘောကို၊ဒိသွာဒိသွာ၊မြင်ကုန်၍မြင်ကုန်၍၊ အသုရာ၊အသုရာ
နတ်တို့သည်၊မဟာသမုဒ္ဒေ၊မဟာသမုဒ္ဒရာ၌၊ အဘိရမန္တိ၊မွေ့လျော်ကုန်
၏၊အယံ၊ဤသဘောတရားသည်၊မဟာသမုဒ္ဒေ၊မဟာသမုဒ္ဒရာ၌၊ပဌမော၊
ရှေးဦးစွာသော၊အစ္ဆရိယော၊ အံ့ဖွယ်သရဲသည်၊အဗ္ဘုတဓမ္မော၊မဖြစ်ဘူး
မြဲသောသဘောသည်၊ ဟောတိ၊ဖြစ်၏၊ ဘိက္ခုဝေ၊ရဟန်းတို့၊ ပုန၊တဖန်၊
အပရံစ၊တပါးတို့လည်း၊ မဟာသမုဒ္ဒေါ၊မဟာသမုဒ္ဒရာသည်၊ ဌိတဓမ္မော၊
အမြဲတည်သောသဘောရှိ၏၊ ဝေလံ၊ကမ်းကို၊ နာတိဝတ္တတိ၊ မလွန်၊ဘိက္ခု
ဝေ၊ရဟန်းတို့၊ ယံယေန၊အကြင်အကြောင်းကြောင့်၊ မဟာသမုဒ္ဒေါ၊မဟာ
သမုဒ္ဒရာသည်၊ဌိတဓမ္မော၊ အမြဲတည်သောသဘောရှိ၏၊ ဝေလံ၊ကမ်းကို၊
နာတိဝတ္တတိ၊မလွန်၊တေန၊ထိုကြောင့်၊ ဘိက္ခုဝေ၊ရဟန်းတို့၊ယံ၊အကြင်သ

အောက်ကို၊ ဒိသွာဒိသွာ၊ မြင်ကုန်၍မြင်ကုန်၍၊ အသုရာ၊ အသုရာနတ်တို့သည်၊
မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ ဘိက္ခဝေ၊
ရဟန်းတို့၊ အယံပိ၊ ဤသဘောသည်လည်း၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊
ဒုတိယော၊ နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ အစ္ဆရိယော၊ အံ့ဘွယ်သရဲ
သည်၊ အဗ္ဘုတော၊ မဖြစ်ဘူးမြဲဖြစ်သောသဘောသည်၊ ဟောတိ၊ ဖြစ်၏၊
ဘိက္ခဝေ၊ ရဟန်းတို့၊ ပုန၊ တဘန်၊ အပရံ၊ တပါးသော်လည်း၊ မဟာသမုဒ္ဒေါ၊
မဟာသမုဒ္ဒရာသည်၊ မတေန၊ သေသော၊ ကုဏပေန၊ အကောင်ပုပ်နှင့်၊ နသံ
ဝသတိ၊ အတူမနေ၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ မတံ၊ သေသော၊ ယံကု
ဏပံ၊ အကြင်အကောင်ပုပ်သည်၊ ဟောတိ၊ ဖြစ်၏၊ တံကုဏပံ၊ ထိုအကောင်
ပုပ်ကို၊ ခိပ္ပံယေဝ၊ လျှင်စွာသာလျှင်၊ တီရံ၊ ကမ်းသို့၊ ဝါဟေတိ၊ ပယ်၏၊ ထလံ၊
ကုန်းသို့၊ ဥဿာရေတိ၊ ပစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံယေန၊ အကြင်အ
ကြောင်းကြောင့်၊ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်၊ မတေန၊ သေသော၊
ကုဏပေန၊ အကောင်ပုပ်နှင့်၊ နသံဝသတိ၊ အတူမနေ၊ မဟာသမုဒ္ဒေ၊ မဟာ
သမုဒ္ဒရာ၌၊ မတံ၊ သေသော၊ ယံကုဏပံ၊ အကြင်အကောင်ပုပ်သည်၊ ဟော
တိ၊ ဖြစ်၏၊ တံကုဏပံ၊ ထိုအကောင်ပုပ်ကို၊ ခိပ္ပံယေဝ၊ လျှင်စွာသာလျှင်၊ တီ
ရံ၊ ကမ်းသို့၊ ဝါဟေတိ၊ ပယ်၏၊ ထလံ၊ ကုန်းသို့၊ ဥဿာရေတိ၊ ပစ်၏၊ တေန၊
ထိုအကြောင်းကြောင့်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ၊ အကြင်အံ့ဘွယ်သရဲကို၊
ဒိသွာဒိသွာ၊ မြင်ကုန်၍မြင်ကုန်၍၊ အသုရာ၊ အသုရာနတ်တို့သည်၊ မဟာသမု
ဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ အယံပိ၊ ဤသဘောတ
ရားသည်လည်း၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ တတိယော၊ သုံးခုတို့၏ပြည့်
ကြောင်းဖြစ်သော၊ အစ္ဆရိယော၊ အံ့ဘွယ်သရဲသည်၊ အဗ္ဘုတော၊ မဖြစ်
ဘူးမြဲဖြစ်သောသဘောသည်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ပုန၊
တဘန်၊ အပရံ၊ တပါးသော်လည်း၊ ယာကာစိမဟာနဒိယော၊ အကြင်မြစ်ကြီးတို့
သည်၊ သန္တိ၊ ရှိကုန်၏၊ ဣမာမဟာနဒိယော၊ ဤမြစ်ကြီးတို့သည်၊ သေယျ
ထာကတမာ၊ အဘယ်သည်တို့နည်း၊ ဂင်္ဂါ၊ ဂင်္ဂါမြစ်၊ ယမုနာ၊ ယမုနာမြစ်၊
အစိရဝတီ၊ အစိရဝတီမြစ်၊ သရဘူ၊ သရဘူမြစ်၊ မဟီ၊ မဟီမြစ်၊ ဣတိဣမာ၊
ဤသည်တို့တည်း၊ တာမဟာနဒိယော၊ ထိုမြစ်ကြီးတို့သည်၊ မဟာသမုဒ္ဒံ၊
မဟာသမုဒ္ဒရာသို့၊ ပတ္တာ၊ ရောက်ကုန်သည်ရှိသော်၊ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်
သော၊ နာမဂေါတ္တာနိ၊ အမည်အနွယ်တို့ကို၊ ဇဟန္တိ၊ စွန့်ကုန်၏၊ မဟာသမု
ဒ္ဒေါတွေဝသင်္ချံ၊ မဟာသမုဒ္ဒရာဟူသောရေတွက်ခြင်းသို့သာလျှင်၊ ဂစ္ဆန္တိ၊
ရောက်ကုန်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံယေန၊ အကြင်အကြောင်းကြောင့်၊

ယာကာစိမဟာနဒီယော၊ အကြင်မြစ်ကြီးတို့သည်၊ သန္ဒိုက်ကုန်၏၊ ဆုဒ်ဆုမာ မဟာနဒီယော၊ ဤမြစ်ကြီးတို့သည်၊ သေယျထာကတမာ၊ အဘယ်သည်တို့နည်း၊ ဂင်္ဂါ၊ ဂင်္ဂါမြစ်၊ ယမုနာ၊ ယမုနာမြစ်၊ အစိရဝတီ၊ အစိရဝတီမြစ်၊ သရဘူ၊ သရဘူမြစ်၊ မဟီ၊ မဟီမြစ်။ ဆုတ်ဆုမာ၊ ဤသည်တို့တည်း၊ တာမဟာနဒီယော၊ ထိုမြစ်ကြီးတို့သည်၊ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာသို့၊ ပတ္တာ၊ ရောက်ကုန်သည်ရှိသော်၊ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော၊ နာမဂေါတ္တာနိ၊ အမည်အနွယ်တို့ကို၊ ဇဟန္တိ၊ စွန့်ကုန်၏၊ မဟာသမုဒ္ဒေါတွေဝ သင်္ချံ၊ မဟာသမုဒ္ဒရာဟူသော ရေတွက်ခြင်းသို့ သာလျှင်၊ ဂစ္ဆန္တိ။ ရောက်ကုန်၏၊ တေန၊ ထိုအကြောင်းကြောင့်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ၊ အကြင် အံ့ဘွယ်သရဲကို၊ ဒိသွာဒိသွာ၊ မြင်ကုန်၍မြင်ကုန်၍၊ အသုရာ၊ အသုရာနတ်တို့သည်၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ အယံပိ၊ ဤသဘောတရားသည်လည်း၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ စတုတ္ထော၊ လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ အစ္ဆရိယော၊ အံ့ဘွယ်သရဲသည်၊ အဗ္ဘုတဓမ္မော၊ မဖြစ်ဘူးမြဲဖြစ်သောသဘောသည်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ပုန၊ တဘန်၊ ပရံ၊ တပါးတုံသည်း၊ လောကေ၊ လောက၌၊ ယာစသဝန္တိယော အကြင်မြစ်ကြီးတို့သည်လည်း။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာ၌၊ အပ္ပေန္တိ၊ ဝင်ကုန်၏၊ အန္တလိက္ခာ၊ ကောင်းကင်မှ၊ ယာစဓာရာ၊ အကြင်ရေပေါက်တို့သည်လည်း၊ ပပတန္တိ၊ ကျကုန်၏၊ တေန၊ ထိုဝင်ခြင်းရေပေါက်ကျကြောင့်၊ မဟာသမုဒ္ဒဿ၊ မဟာသမုဒ္ဒရာ၏၊ ဦနတ္တံဝါ၊ ယုတ်လျော့ခြင်းသည်လည်းကောင်း၊ ပူရတ္တံဝါ၊ ပြည့်ခြင်းသည်လည်းကောင်း၊ နပညာယတိ၊ မထင်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ လောကေ၊ လောက၌၊ ယံပယာန၊ အကြင်အကြောင်းကြောင့်၊ ယာစသဝန္တိယော၊ အကြင်မြစ်ကြီးတို့သည်လည်း။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာသို့၊ အပ္ပေန္တိ၊ ဝင်ကုန်၏၊ အန္တလိက္ခာ၊ ကောင်းကင်မှ၊ ယာစဓာရာ၊ အကြင်ရေပေါက်တို့သည်လည်း၊ ပပတန္တိ၊ ကျကုန်၏၊ တေန၊ ထိုရေဖြင့်၊ မဟာသမုဒ္ဒဿ၊ မဟာသမုဒ္ဒရာ၏၊ ဦနတ္တံဝါ၊ ယုတ်လျော့ခြင်းသည်လည်းကောင်း၊ ပူရတ္တံဝါ၊ ပြည့်ခြင်းသည်လည်းကောင်း၊ နပညာယတိ၊ မထင်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ၊ အကြင်အံ့ဘွယ်သရဲကို၊ ဒိသွာဒိသွာ၊ မြင်ကုန်၍မြင်ကုန်၍၊ အသုရာ၊ အသုရာနတ်တို့သည်၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ အယံပိ၊ ဤသဘောတရားသည်လည်း၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ ပဉ္စမော၊ ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ အစ္ဆရိယော၊ အံ့ဘွယ်သရဲသည်၊ အဗ္ဘုတဓမ္မော၊ မဖြစ်ဘူးမြဲဖြစ်သောသဘောသည်၊ ဟော

တိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ပုန၊ တဘန်၊ အပရံ စ၊ တပါးတုံလည်း၊ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်၊ ဧကရသော၊ တရတည်းသောအရသာရှိ၏၊ လောဏရသော၊ ဆားငံအရသာရှိ၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ ယေန၊ အကြင် အကြောင်းကြောင့်၊ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်၊ ဧကရသော၊ တရတည်းသောအရသာရှိ၏၊ လောဏရသော၊ ဆားငံအရသာရှိ၏၊ တေန၊ ထိုအကြောင်းကြောင့်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ၊ အကြင်နှစ်သွယ်သရဲကို၊ ဒိသွာ ဒိသွာ၊ မြင်ကုန်၍မြင်ကုန်၍၊ အသုရာ၊ အသုရာနတ်တို့သည်၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ အယံပိ၊ ဤသဘောသည်လည်း၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ သဋ္ဌမော၊ ခြောက်ခုတို့၏ပြည့်ကြောင်း ဖြစ်သော၊ အစ္ဆရိယော၊ နှစ်သွယ်သရဲသည်၊ အဗ္ဘုတဓမ္မော၊ မဖြစ်ဘူးမြဲဖြစ်သောသဘောသည်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ပုန၊ တဘန်၊ အပရံ စ၊ တပါးတုံလည်း၊ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်၊ ဗဟုရတနော၊ များသောရတနာရှိ၏၊ အနေကရတနော၊ တပါးမကသောရတနာရှိ၏၊ တတြ၊ ထိုမဟာသမုဒ္ဒရာ၌၊ ရတနာနိ၊ ရတနာတို့သည်၊ သေယျထိဒံ၊ အဘယ်သည်တို့နည်း၊ ဣမာနိ၊ ဤသည်တို့တည်း၊ သေယျထာ၊ ဤသည်တို့တည်း၊ ရတနာနိ၊ ရတနာတို့သည်၊ သေယျထာ ကတမာနိ၊ အဘယ်သည်တို့နည်း၊ မုတ္တာ၊ ပုလဲ၊ မဏိ၊ ပတ္တမြား၊ ဝေဠုရိယော၊ ကျောက်မြက် ရွဲ၊ သင်္ခေါ၊ ခရုသင်း၊ သိလာ၊ ကျောက်သလင်း၊ ပဝါဠံ၊ သန္တာ၊ ရဇတံ၊ ငွေ၊ ဇာတရူပံ၊ ရွှေ၊ လောဟိတင်္ဂေါ၊ ကျောက်နီ၊ မသာရဂလ္လံ၊ ပတ္တမြားပြောက်၊ ဣတိ၊ ဣမာနိ၊ ဤသည်တို့တည်း၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ ယေန၊ အကြင်အကြောင်းကြောင့်၊ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်၊ ဗဟုရတနော၊ များသောရတနာရှိ၏၊ အနေကရတနော၊ တပါးမကသောရတနာရှိ၏၊ တတြ၊ ထိုမဟာသမုဒ္ဒရာ၌၊ ရတနာနိ၊ ရတနာတို့သည်၊ ဣမာနိ၊ ဤသည်တို့တည်း၊ ဣမာနိ ရတနာနိ၊ ဤရတနာတို့သည်၊ သေယျထိဒံ ကတမာနိ၊ အဘယ်သည်တို့နည်း၊ မုတ္တာ၊ ပုလဲ၊ မဏိ၊ ပတ္တမြား၊ ဝေဠုရိယော၊ ကျောက်မြက် ရွဲ၊ သင်္ခေါ၊ ခရုသင်း၊ သိလာ၊ ကျောက်သလင်း၊ ပဝါဠံ၊ သန္တာ၊ ရဇတံ၊ ငွေ၊ ဇာတရူပံ၊ ရွှေ၊ လောဟိတင်္ဂေါ၊ ကျောက်နီ၊ မသာရဂလ္လံ၊ ပတ္တာမြားပြောက်၊ ဣတိ ဣမာနိ၊ ဤသည်တို့တည်း၊ တေန၊ ထိုအကြောင်းကြောင့်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ၊ အကြင်နှစ်သွယ်သရဲကို၊ ဒိသွာ ဒိသွာ၊ မြင်ကုန်၍ မြင်ကုန်၍၊ အသုရာ၊ အသုရာနတ်တို့သည်၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ အယံပိ၊ ဤသဘောသည်လည်း၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ သတ္တမော၊ ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော၊ အစ္ဆရိယော၊ နှစ်သွယ်သရဲသည်၊ အဗ္ဘုတ

ခေမ္ဘာ၊မဖြစ်ဘူးမြဲ ဖြစ်သော သဘောသည်၊ဟောတိ၊ဖြစ်၏၊ဘိက္ခုဝေ၊ရဟန်းတို့၊ပုန၊တဘန်၊ အပရံ၀၊တပါးတုံလည်း၊ မဟာသမုဒ္ဒေါ၊မဟာသမုဒ္ဒရာသည်၊မဟတံ၊ကြီးကုန်သော၊ ဘူတာနံ၊သတ္တဝါတို့၏၊ အာဝါသော၊နေရာသည်၊ဟောတိ၊ဖြစ်၏၊တတြ၊ထိုမဟာ သမုဒ္ဒရာ၌၊ဘူတာ၊ကြီးသောသတ္တဝါတို့သည်၊ဣမေ၊ဤ သည့်တို့တည်း၊ဣမေ၊ ဤကြီးသောသတ္တဝါတို့သည်၊သေယျထာ ကတမေ၊အဘယ်သည်တို့နည်း၊တိမိ၊ တိမိမည်သောငါး၊တိမိင်္ဂလော၊တိမိင်္ဂလမည်သောငါး၊ တိမိတိမိင်္ဂလော၊ တိမိတိမိင်္ဂလမည်သောငါး၊အသုရာ၊အသုရာနတ်တို့၊ နာဂါ၊နဂါးတို့၊ ဂန္ဓဗ္ဗာ၊ဂန္ဓဗ္ဗနတ်တို့၊ဣတိဣမေ၊ဤသည်တို့တည်း၊မဟာသမုဒ္ဒေ၊မဟာသမုဒ္ဒရာ၌၊ ယောဇနသတိကာ၊ယူဇနာတရာရှိကုန်သော၊အတ္တဘာဝါပိ၊အတ္တဘောတို့သည်လည်း၊သန္တိ၊ရှိကုန်၏၊ဒွိယောဇနသတိကာ၊ယူဇနာနှစ်ရာရှိကုန်သော၊အတ္တဘာဝါပိ၊အတ္တဘောတို့သည်လည်း၊သန္တိ၊ရှိကုန်၏၊ တိယောဇနသတိကာ၊ ယူဇနာသုံးရာရှိကုန်သော၊အတ္တဘာဝါပိ၊ အတ္တဘောတို့သည်လည်း၊ သန္တိ၊ရှိကုန်၏၊စတုယောဇနသတိကာ၊ ယူဇနာလေးရာရှိကုန်သော၊ အတ္တဘာဝါပိ၊အတ္တဘောတို့သည်လည်း၊သန္တိ၊ရှိကုန်၏၊ပဉ္စယောဇနသတိကာ၊ ယူဇနာငါးရာရှိကုန်သော၊ အတ္တဘာဝါပိ၊ အတ္တဘော တို့သည်လည်း၊ သန္တိ၊ရှိကုန်၏၊ဘိက္ခုဝေ၊ရဟန်းတို့၊ ယံယေန၊အကြင်အကြောင်းကြောင့်၊ မဟာသမုဒ္ဒေါ၊မဟာသမုဒ္ဒရာသည်၊ မဟတံ၊ ကြီးကုန်သော၊ ဘူတာနံ၊ သတ္တဝါတို့၏၊အာဝါသော၊ နေရာသည်၊ ဟောတိ၊ဖြစ်၏၊ တတြ၊ထိုမဟာ သမုဒ္ဒရာ၌၊ဘူတာ၊ကြီးသော သတ္တဝါတို့သည်၊ ဣမေ၊ဤသည် တို့တည်း၊ ဣမေ၊ဤသတ္တဝါတို့သည်၊ သေယျထာ ကတမေ၊အဘယ်သည်တို့နည်း၊ တိမိ၊တိမိငါး၊တိမိင်္ဂလော၊ တိမိင်္ဂလငါး၊တိမိတိမိင်္ဂလော၊ တိမိတိမိင်္ဂလငါး၊အသုရာ၊အသုရာနတ်တို့၊ နာဂါ၊နဂါးတို့၊ဂန္ဓဗ္ဗာ၊ဂန္ဓဗ္ဗနတ်တို့၊ ဣတိဣမေ၊ဤသည်တို့တည်း၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ ယောဇနသတိကာ၊ ယူဇနာတရာရှိကုန်သော၊ အတ္တဘာဝါပိ၊ အတ္တဘောတို့သည်လည်း၊ သန္တိ၊ရှိကုန်၏၊ ဒွိယောဇနသတိကာ၊ ယူဇနာနှစ်ရာရှိကုန်သော၊ အတ္တဘာဝါပိ၊အတ္တဘောတို့သည်လည်း၊သန္တိ၊ရှိကုန်၏၊ တိယောဇနသတိကာ၊ယူဇနာသုံးရာရှိကုန်သော၊ အတ္တဘာဝါပိ၊ အတ္တဘောတို့သည်လည်း၊ သန္တိ၊ရှိကုန်၏၊စတုယောဇနသတိကာ၊ယူဇနာလေးရာရှိကုန်သော၊ အတ္တဘာဝါပိ၊အတ္တဘောတို့သည်လည်း၊သန္တိ၊ရှိကုန်၏၊ ပဉ္စယောဇနသတိကာ၊ယူဇနာငါးရာရှိကုန်သော၊အတ္တဘာဝါပိ အတ္တဘောတို့သည်လည်း၊သန္တိ၊ရှိကုန်၏၊ ဘေ

နာ၊ ထိုအကြောင်းကြောင့်၊ ဘိက္ခဝေ၊ ရဟန်းတို့။ ယံ၊ အကြင်ဆုံဘွယ်သရဲကို၊
ဒိသွာဒိသွာ၊ မြင်ကုန်၍မြင်ကုန်၍၊ အသုရာ၊ အသုရာနတ်တို့သည်၊ မဟာသမု
ဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ အယံပိ၊ ဤသဘောတ
ရားသည်လည်း၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ အဋ္ဌမော၊ ရှစ်ခုတို့၏ပြည့်
ကြောင်းဖြစ်သော၊ အစ္ဆရိယော၊ ဆုံဘွယ်သရဲသည်၊ အဗ္ဘုတဓမ္မော၊ မဖြစ်
ဘူးမြဲဖြစ်သောသဘောသည်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ခေါ၊
စင်စစ်၊ ယေ၊ အကြင် ဆုံဘွယ်သရဲတို့ကို၊ ဒိသွာဒိသွာ၊ မြင်ကုန်မြင်ကုန်
၍၊ အသုရာ၊ အသုရာနတ်တို့သည်၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ မဟာသ
မုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ ဣမေအဋ္ဌ၊ ဤရှစ်ပါးတို့သည်၊ အစ္ဆရိယာ၊ ဆုံဘွယ်
သရဲတို့သည်၊ အဗ္ဘုတဓမ္မာ၊ မဖြစ်ဘူးမြဲဖြစ်ကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်
၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝမေဝခေါ၊ ဤအတူသာလျှင်၊ ယေ၊ အကြင်ဆုံ
ဘွယ်သရဲတို့ကို၊ ဒိသွာဒိသွာ၊ မြင်ကုန်၍မြင်ကုန်၍၊ ဘိက္ခူ၊ ရဟန်းတို့သည်၊
ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်
၏၊ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌၊ အဋ္ဌ၊ ရှစ်ပါးကုန်သော၊
အစ္ဆရိယာ၊ ဆုံဘွယ်သရဲတို့သည်၊ အဗ္ဘုတဓမ္မာ၊ မဖြစ်ဘူးမြဲဖြစ်ကုန်သော
သဘောတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ အဋ္ဌ၊ ရှစ်ပါးတို့သည်၊ ကတမေ၊ အ
ဘယ်သည်တို့နည်း၊ ဘိက္ခဝေ၊ ရဟန်းတို့၊ သေယျထာပိ၊ ဥပမာမည်သည်
ကား၊ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်၊ အနုပုဗ္ဗနိန္နော၊ ယထာ၊ အစဉ်
အတိုင်းနိမ့်သကဲ့သို့၊ အနုပုဗ္ဗပေါဏော၊ ယထာ၊ အစဉ်အတိုင်းညွတ်သကဲ့
သို့၊ အနုပုဗ္ဗပဗ္ဘာရော၊ ယထာ၊ အစဉ်အတိုင်းရှိုင်းသကဲ့သို့၊ အာယတကေနေ
ဝ၊ အစကပင်လျှင်၊ ပပါတော၊ ချောက်သည်၊ န အတ္ထိ၊ ယထာ၊ မရှိသကဲ့သို့၊
ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝမေဝခေါ၊ ဤအတူသာလျှင်၊ ဣမသ္မိံ ဓမ္မဝိနယေ၊
ဤသုတ်အဘိဓမ္မာဝိနည်း၌၊ အနုပုဗ္ဗသိက္ခာ၊ အစဉ်အတိုင်းသောသိက္ခာရှိ၏၊
အနုပုဗ္ဗကိရိယာ၊ အစဉ်အတိုင်းသော အမှုအရာရှိ၏၊ အနုပုဗ္ဗပဋိပဒါ၊ အစဉ်
အတိုင်းသောအကျင့်ရှိ၏၊ အာယတကေနေဝ၊ အစကပင်လျှင်၊ အညာပဋိဝေ
ဓေါ၊ အရဟတ္တဖိုလ်ကိုထိုးထွင်း၍သိခြင်းသည်၊ န ဟောတိ၊ မဖြစ်၊ ဘိက္ခဝေ၊
ရဟန်းတို့၊ ယံ၊ ယေန၊ အကြင်အကြောင်းကြောင့်၊ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ်
အဘိဓမ္မာဝိနည်း၌၊ အနုပုဗ္ဗသိက္ခာ၊ အစဉ်အတိုင်းသောသိက္ခာရှိ၏၊ အနုပုဗ္ဗ
ကိရိယာ၊ အစဉ်အတိုင်းသောအမှုအရာရှိ၏၊ အနုပုဗ္ဗပဋိပဒါ၊ အစဉ်အတိုင်း
သောအကျင့်ရှိ၏၊ အာယတကေနေဝ၊ အစကပင်လျှင်၊ အညာပဋိဝေဓေါ၊
အရဟတ္တဖိုလ်ကိုထိုးထွင်း၍သိခြင်းသည်၊ န ဟောတိ၊ မဖြစ်၊ တေန၊ ထိုအ

ကြောင်းကြောင့်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ၊ အကြင်နှံ့ဘွယ်သရဲကို၊ ဒိသွာ
ဒိသွာ၊ မြင်ကုန်၍မြင်ကုန်၍၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ ရှုမသွိုမ္မြဝိနယော၊ ၍
သုတ်အဘိဓမ္မာဝိနည်း၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ အယံ၊ ၍သဘော
သည်၊ ရှုမသွိုမ္မြဝိနယော၊ ၍သုတ်အဘိဓမ္မာဝိနည်း၌၊ ပဉ္စမော၊ ငါးဦးမြောက်
သော၊ အစ္ဆရိယော၊ နှံ့ဘွယ်သရဲသည်၊ အဗ္ဘုတဓမ္မော၊ မဖြစ်ဘူးမြဲဖြစ်
သောသဘောသည်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ သေယျထာပိ၊
ဥပမာမည်သည်ကား၊ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်၊ မှိုတခမ္မောယေ
ထာ၊ အမြဲတည်သကဲ့သို့၊ဝေလံ၊ကမ်းကို၊နာတိဝတ္တတိယထာ၊မလွန်သကဲ့
သို့၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝမေဝခေါ၊ ၍အတူသာလျှင်၊ မယာ၊ ငါဘုရား
သည်၊ သာဝကာနံ၊ တပည့်သားတို့အား၊ ယံသိက္ခာပဒံ၊ အကြင်သိက္ခာပုဒ်ကို
ပညတ္တံ၊ ပညတ်အပ်၏၊ တံသိက္ခာပဒံ၊ ထိုသိက္ခာပုဒ်ကို၊ မမ၊ ငါဘုရား၏၊ သာဝ
ကာ၊ တပည့်သားတို့သည်၊ ဇီဝိတဟေတုပိ၊ အသက်ဟူသော အကြောင်း
ကြောင့်လည်း၊ နာတိက္ကမန္တိ၊ မလွန်ကျူးကုန်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံယေန၊
အကြင် အကြောင်းကြောင့်၊ မယာ၊ ငါဘုရားသည်၊ သာဝကာနံ၊ တပည့်
သားတို့အား၊ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို၊ ပညတ္တံ၊ ပညတ်အပ်၏၊ တံသိက္ခာပဒံ၊
ထိုသိက္ခာပုဒ်ကို၊ မမ၊ ငါဘုရား၏၊ သာဝကာ၊ တပည့်သားတို့သည်၊ ဇီဝိတ
ဟေတုပိ၊ အသက်ဟူသောအကြောင်းကြောင့်လည်း၊ နာတိက္ကမန္တိ၊ မလွန်
ကျူးကုန်၊ တေန၊ ထိုအကြောင်းကြောင့်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ၊ အကြင်
နှံ့ဘွယ် သရဲကို၊ ဒိသွာဒိသွာ၊ မြင်ကုန်၍မြင်ကုန်၍၊ ဘိက္ခူ၊ ရဟန်းတို့သည်၊
ရှုမသွိုမ္မြဝိနယေ၊ ၍သုတ်အဘိဓမ္မာဝိနည်း၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်
၏၊ အယံပိ၊ ၍သဘောတရားသည်လည်း၊ ရှုမသွိုမ္မြဝိနယေ၊ ၍သုတ်အဘိ
ဓမ္မာဝိနည်း၌၊ ဒုတိယော၊ နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော၊ အစ္ဆရိယော၊
နှံ့ဘွယ်သရဲသည်၊ အဗ္ဘုတဓမ္မော၊ မဖြစ်ဘူးမြဲသော သဘောသည်၊ ဟော
တိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ သေယျထာပိ၊ ဥပမာမည်သည်ကား၊ မဟာ
သမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်၊ မတေန၊ သေသော၊ ကုဏပေန၊ အကောင်ပုပ်
နှင့်၊ နသံဝသတိ၊ အတူမနေ၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ မတံ၊ သေသော
ယံကုဏပံ၊ အကြင်အကောင်ပုပ်သည်၊ ဟောတိ၊ ဖြစ်၏၊ တံကုဏပံ၊ ထိုအ
ကောင်ပုပ်ကို၊ ခိပ္ပမေဝ၊ လျှင်စွာသာလျှင်၊ တီရံ၊ ကမ်းသို့၊ ဝါဟေတိယထာ၊
ပယ်သကဲ့သို့၊ ထလံ၊ ကုန်းသို့၊ ဥဿာရေတိယထာ၊ ပစ်သကဲ့သို့၊ ဘိက္ခဝေ၊
ရဟန်းတို့၊ ဧဝမေဝခေါ၊ ၍အတူသာလျှင်၊ ဒုဿီလော၊ သီလမရှိသော၊ ပါပ
ဓမ္မော၊ ယုတ်မာသောအကျင့်ရှိသော၊ အသုစိ၊ မစင်ကြယ်သော၊ သင်္ကဿရ

သမာစာရော၊ ရွံ့ရှာအပ်သော အကျင့်ရှိသော၊ ပဋိစ္ဆန္နကမ္မန္တော၊ ဖုံးလွှမ်းအပ်သော မကောင်းမှု ရှိသော၊ အဿမဏော၊ ရဟန်းမဟုတ်သော၊ သမဏပဋိညော၊ ရဟန်းဟု ဝန်ခံသော၊ အဗြဟ္မစာရီ၊ မြတ်သော အကျင့်ကို မကျင့်သော ဗြဟ္မစာရီပဋိညော၊ မြတ်သော အကျင့်ကို ကျင့်၏ဟု ဝန်ခံသော၊ အန္တောပုတိ၊ အတွင်းပုပ်သော၊ အဝဿုတော၊ ကိလေသာဖြင့်စွတ်သော၊ ကသမ္ဗုဇာတော၊ ယောက်သွားပုတ်သဘွယ်ဖြစ်သော၊ ယောသော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်၊ အတ္ထိ၊ ရှိ၏၊ တေန၊ ထိုပုဂ္ဂိုလ်နှင့်တကွ၊ သံဃော၊ သံဃာတော်သည်၊ နသံဝသတိ၊ အတူမနေ၊ အထခေါ၊ စင်စစ်သော်ကား၊ ထိုပုဂ္ဂိုလ်ကို၊ ခိပ္ပမေဝ၊ လျင်စွာသာလျှင်၊ သန္နိပတိတွာ၊ စည်းဝေး၍၊ ဥက္ခိပတိ၊ နှင်၏၊ သော၊ ထိုပုဂ္ဂိုလ်သည်၊ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာ၏၊ မဇ္ဈေ၊ အလယ်၌၊ နိသိန္နော၊ နေသည်၊ ကိဉ္စာပိဟောတိ၊ အကယ်၍ဖြစ်ငြားသော်၊ အထခေါ၊ ထိုသို့ပင်ဖြစ်သော်လည်း၊ သော၊ ထိုပုဂ္ဂိုလ်သည်၊ သံဃမှာ၊ သံဃာမှ၊ အာရကာဝ၊ ဝေးသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏၊ သံဃောစ၊ သံဃာသည်လည်း၊ တေန၊ ထိုပုဂ္ဂိုလ်နှင့်၊ အာရကာဝ၊ ဝေးသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံယေန၊ အကြင် အကြောင်းကြောင့်၊ ဒုဿီလော၊ သီလမရှိသော၊ ပါပဓမ္မော၊ ယုတ်မာသော အကျင့်ရှိသော၊ အသုစိ၊ မစင်ကြယ်သော၊ သင်္ကဿရ သမာစာရော၊ ရွံ့ရှာအပ်သော အကျင့်ရှိသော၊ ပဋိစ္ဆန္နကမ္မန္တော၊ ဖုံးလွှမ်းအပ်သော မကောင်းမှုရှိသော၊ အဿမဏော၊ ရဟန်းမဟုတ်သော၊ သမဏပဋိညော၊ ရဟန်းဟု ဝန်ခံသော၊ အဗြဟ္မစာရီ၊ မြတ်သော အကျင့်ကို မကျင့်သော၊ ဗြဟ္မစာရီပဋိညော၊ မြတ်သောအကျင့်ကိုကျင့်၏ဟု ဝန်ခံသော၊ အန္တောပုတိ၊ အတွင်းပုပ်သော၊ အဝဿုတော၊ ကိလေသာဖြင့်စွတ်သော၊ ကသမ္ဗုဇာတော၊ တမြက်မှိုက်သဘွယ်ဖြစ်သော၊ ယောသော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်၊ အတ္ထိ၊ ရှိ၏၊ တေန၊ ထိုပုဂ္ဂိုလ်နှင့်၊ သံဃော၊ သံဃာသည်၊ နသံဝသတိ၊ အတူမနေ၊ ထိုပုဂ္ဂိုလ်ကို၊ ခိပ္ပမေဝ၊ လျင်စွာသာလျှင်၊ သန္နိပတိတွာ၊ စည်းဝေး၍၊ ဥက္ခိပတိ၊ နှင်၏၊ သော၊ ထိုပုဂ္ဂိုလ်သည်၊ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာ၏၊ မဇ္ဈေ၊ အလယ်၌၊ နိသိန္နော၊ နေသည်၊ ကိဉ္စာပိဟောတိ၊ အကယ်၍ဖြစ်ငြားသော်၊ အထခေါ၊ ထိုသို့ပင်ဖြစ်သော်လည်း၊ သော၊ ထိုပုဂ္ဂိုလ်သည်၊ သံဃမှာ၊ သံဃာမှ၊ အာရကာဝ၊ ဝေးသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏၊ သံဃောစ၊ သံဃာသည်လည်း၊ တေန၊ ထိုပုဂ္ဂိုလ်နှင့်၊ အာရကာဝ၊ ဝေးသည်သာလျှင်၊ ဟောတိ၊ ဖြစ်၏၊ တေန၊ ထိုအကြောင်းကြောင့်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ၊ အကြင်နည်းသဘွယ်သရဲ

ကို၊ ဒိသွာဒိသွာ၊ မြင်ကုန်၍မြင်ကုန်၍၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ ဣမသ္မိံ ဓမ္မ
ဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ အယံပိ၊
ဤ သဘောတရားသည်လည်း၊ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း
၌၊ တတိယော၊ သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ အစ္ဆရိယော၊ အံ့ဩဖွယ်
သရဲသည်၊ အဗ္ဘုတဓမ္မော၊ မဖြစ်ဘူးမြဲဖြစ်သောသဘောသည်၊ ဟောတိ၊
ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ သေယျထာပိ၊ ဥပမာမည်သည်ကား၊ ယာကာ
စိမဟာနဒီယော၊ အကြင်မြစ်ကြီးတို့သည်၊ သန္တိ၊ ရှိကုန်၏၊ ဗုဒံဗုမာမဟာ
နဒီယော၊ ဤမြစ်ကြီးတို့သည်၊ သေယျထာကကမာ၊ အဘယ်သည်တို့နည်း၊
ဂင်္ဂါ၊ ဂင်္ဂါမြစ်၊ ယမုနာ၊ ယမုနာမြစ်၊ အစိရဝတီ၊ အစိရဝတီမြစ်၊ သရဘူ၊
သရဘူမြစ်၊ မဟီ၊ မဟီမြစ်၊ ဣတိ ဣမာ၊ ဤသည်တို့တည်း။ တာမဟာနဒီ
ယော၊ ထိုမြစ်ကြီးတို့သည်၊ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာသို့၊ ပတ္တာ၊ ရောက်
ကုန်သည်ရှိသော်၊ ပုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော၊ နာမဂေါတ္တာနိ၊ အမည်
အနွယ်တို့ကို၊ ဇဟန္တိ၊ စွန့်ကုန်၏၊ မဟာသမုဒ္ဒေါ ဣတွေဝသင်္ချံ၊ မဟာ
သမုဒ္ဒရာဟူသော ရေတွက်ခြင်းသို့သာလျှင်၊ ဂစ္ဆန္တိ ယထာ၊ ရောက်ကုန်
သကဲ့သို့၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်၊ ဝဏ္ဏာ၊ အမျိုး
တို့သည်၊ ခတ္တိယာ၊ မင်းမျိုးတို့၊ ဗြာဟ္မဏာ၊ ပုဏ္ဏားမျိုးတို့၊ ဝေဿာ၊ သူကြွယ်
မျိုး ကုန်သည်မျိုးတို့၊ သုဒ္ဒါ၊ သူဆင်းရဲမျိုးတို့၊ ဣတိ၊ ဤသို့၊ စတ္တာရော၊
လေးပါးတို့တည်း၊ တေ၊ ထိုအမျိုးသားတို့သည်၊ တထာဂတပ္ပဝေဒိတေ၊
မြတ်စွာဘုရားသည် ဟောတော်မူအပ်သော၊ ဓမ္မဝိနယေ၊ သုတ်အဘိဓမ္မာ
ဝိနည်း၌၊ အဂါရသ္မာ၊ အိမ်ရာထောင်သောလူ၏ဘောင်မှ၊ နိက္ခမိတွာ၊ ထွက်
၍၊ အနဂါရိယံ၊ ရဟန်းဘောင်၌၊ ပဗ္ဗဇိတွာ၊ ရဟန်းပြုကုန်၍၊ ပုရိမာနိ၊ ရှေး၌
ဖြစ်ကုန်သော၊ နာမဂေါတ္တာနိ၊ အမည်အနွယ်တို့ကို၊ ဇဟန္တိ၊ စွန့်ကုန်၏၊
သမဏာ ဣတွေဝသင်္ချံ၊ ရဟန်းဟူသောရေတွက်ခြင်းသို့သာလျှင်၊ သက္ယပုတ္တိ
ယာ ဣတွေဝသင်္ချံ၊ သာကီဝင်မင်းသားဘုရားသားတော်ဟူသော ရေတွက်
ခြင်းသို့သာလျှင်၊ ဂစ္ဆန္တိ၊ ရောက်ကုန်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံပေ၊
အကြင်အကြောင်းကြောင့်၊ ဝဏ္ဏာ၊ အမျိုးတို့သည်၊ ခတ္တိယာ၊ မင်းမျိုးတို့၊
ဗြာဟ္မဏာ၊ ပုဏ္ဏားမျိုးတို့၊ ဝေဿာ၊ ကုန်သည်မျိုးတို့၊ သုဒ္ဒါ၊ သူဆင်းရဲမျိုး
တို့၊ ဣတိ၊ ဤသို့၊ စတ္တာရော၊ လေးပါးတို့တည်း၊ တေ၊ ထိုအမျိုးသားတို့သည်
တထာဂတပ္ပဝေဒိတေ၊ မြတ်စွာဘုရားသည်ဟောတော်မူအပ်သော၊ ဓမ္မဝိန
ယေ၊ သုတ်အဘိဓမ္မာဝိနည်း၌၊ အဂါရသ္မာ၊ အိမ်ရာထောင်သောလူတို့ဘောင်
မှ၊ နိက္ခမိတွာ၊ ထွက်ကုန်၍၊ အနဂါရိယံ၊ အိမ်ရာမထောင်သော ရဟန်းတို့

ဘောင်၌၊ ပစ္စဖိတ္ွာ၊ ရဟန်း ပြု၍။ ဝုရိမာနိ၊ ရှေး၌ဖြစ်ကုန်သော၊ နာမဂေါတ္တာနိ၊ အမည်အနွယ်တို့ကို၊ ဇဟန္တိ၊ စွန့်ကုန်၏၊ သမဏာ၁တွေဝသင်္ချံ၊ ရဟန်းဟူသောရေတွက်ခြင်းသို့သာလျှင်၊ သက္ယပုတ္တိယာတွေဝသင်္ချံ၊ သာကီဝင်မင်းသား ဘုရားသားတော်ဟူသော ရေတွက်ခြင်းသို့ သာလျှင်။ ဂစ္ဆန္တိ၊ ရောက်ကုန်၏၊ တေန၊ ထိုအကြောင်းကြောင့်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ၊ အကြင်ဆုံးဖြတ်သရဲကို၊ မိသ္ဘာမိသ္ဘာ၊ မြင်ကုန်၍မြင်ကုန်၍၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ အယံပိ၊ ဤသဘောတရားသည်လည်း၊ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌၊ ဝတုတ္ထော၊ လေးခုမြောက်ဖြစ်သည့်ကြောင်းဖြစ်သော၊ အစ္ဆရိယော၊ အံ့ဖွယ်သရဲသည်၊ အဗ္ဘုတဓမ္မော၊ မဖြစ်ဘူးမြဲဖြစ်သော သဘောသည်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ သေယျထာပိ၊ ဥပမာမည်သည်ကား၊ လောကေ၊ လောက၌၊ ယာ ကာစိ၊ အကြင်မြစ်ကြီးတို့သည်လည်း၊ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာသို့၊ အပ္ပေန္တိ၊ ဝင်ကုန်၏၊ အန္တလိက္ခာ၊ ကောင်းကင်မှ၊ ယာစမရော၊ အကြင်ရေအယဉ်တို့သည်လည်း၊ ပပတန္တိ၊ ကျကုန်၏၊ တေန၊ ထိုကြောင့်၊ မဟာသမုဒ္ဒဿ၊ မဟာသမုဒ္ဒရာ၏၊ ဦနတ္တံ ဝါ၊ ယုတ်လျော့ခြင်းသည်လည်းကောင်း၊ ပူရတ္တံ ဝါ၊ လျှံခြင်းသည် လည်းကောင်း၊ န ပညာယတိ ယထာ၊ မထင်သကဲ့သို့၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်၊ အနုပါဒိသေသာယ၊ ကမ္မဇရုပ်အကြွင်းမရှိသော၊ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်၊ ဗဟူ၊ များစွာကုန်သော၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ စေပိ ပရိနိဗ္ဗာယန္တိ၊ အကယ်၍လည်း ပရိနိဗ္ဗာန်ပြုကုန်၏၊ တေန နိဗ္ဗာနဓာတုယာ၊ ထိုနိဗ္ဗာနဓာတ်ဖြင့်၊ ဦန တ္တံ ဝါ၊ ယုတ်လျော့ခြင်းသည် လည်းကောင်း၊ ပူရတ္တံ ဝါ၊ လျှံတက်ခြင်းသည်လည်းကောင်း၊ န ပညာယတိ၊ မထင်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံပိ ယေန၊ အကြင်အကြောင်းကြောင့်၊ အနုပါဒိသေသာယ၊ ကမ္မဇရုပ်အကြွင်းမရှိသော၊ နိဗ္ဗာနဓာတုယာ၊ ပရိနိဗ္ဗာနဓာတ်ဖြင့်၊ ဗဟူ၊ များစွာကုန်သော၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ ပရိနိဗ္ဗာယန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်၏၊ တေန နိဗ္ဗာနဓာတုယာ၊ ထိုပရိနိဗ္ဗာန်ပြုခြင်းကြောင့်၊ ဦနတ္တံ ဝါ၊ ယုတ်လျော့ခြင်းသည် လည်းကောင်း၊ ပူရတ္တံ ဝါ၊ လျှံခြင်းသည်လည်းကောင်း၊ န ပညာယတိ၊ မထင်၊ တေန၊ ထိုအကြောင်းကြောင့်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ၊ အကြင်အံ့ဖွယ်သရဲကို၊ မိသ္ဘာမိသ္ဘာ၊ မြင်ကုန်၍ မြင်ကုန်၍၊ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ အယံပိ၊ ဤသဘောတရားသည်လည်း၊ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌၊ ပဉ္စ

မော၊ ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ အန္တရိယော၊ ဆုံဘွယ်သရဲသည်၊ အဗ္ဘုတဓမ္မော၊ မဖြစ်ဘူးမြဲဖြစ်သော သဘောသည်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ သေယျထာပိ၊ ဥပမာမည်သည်ကား၊ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်၊ ဧကရသော ယထာ၊ တရသတည်းသော အရသာရှိသကဲ့သို့၊ လောဏရသော ယထာ၊ ဆားငံအရသာရှိသကဲ့သို့၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်၊ အယံဓမ္မဝိနယော၊ ဤသုတ်အဘိဓမ္မာ ဝိနည်းသည်၊ ဧကရသော၊ တရသတည်းသော ရသာရှိ၏၊ ဝိမုတ္တိရသော၊ အရဟတ္တဖိုလ်ဟူသောရသာရှိ၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံပိယေန၊ အကြင်အကြောင်းကြောင့်၊ အယံဓမ္မဝိနယော၊ ဤသုတ်အဘိဓမ္မာဝိနည်းသည်၊ ဧကရသော၊ တရသတည်းသောရသာရှိ၏၊ ဝိမုတ္တိရသော၊ အရဟတ္တဖိုလ်ဟူသောရသာရှိ၏၊ တေန၊ ထိုအကြောင်းကြောင့်၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ၊ အကြင်ဆုံဘွယ်သရဲကို၊ ဒိသွာ ဒိသွာ၊ မြင်ကုန်၍မြင်ကုန်၍၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ် အဘိဓမ္မာ ဝိနည်း၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ အယံပိ၊ ဤသဘောတရားသည်လည်း၊ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌ ဆဋ္ဌော၊ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ အန္တရိယော၊ ဆုံဘွယ်သရဲသည်၊ အဗ္ဘုတဓမ္မော၊ မဖြစ်ဘူးမြဲဖြစ်သော သဘောသည်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ သေယျထာပိ၊ ဥပမာမည်သည်ကား၊ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်၊ ဗဟုရတနော၊ များသောရတနာရှိ၏၊ အနေကရတနော၊ တပါးမကသောရတနာရှိ၏၊ တတြ၊ ထိုမဟာသမုဒ္ဒရာ၌၊ ရတနာနိ၊ ရတနာတို့သည်၊ ဣမာနိ၊ ဤသည်တို့တည်း၊ ဣဒံဣမာနိရတနာနိ၊ ဤရတနာတို့သည် သေယျထာကတမာနိ၊ အဘယ်သည်တို့နည်း၊ မုတ္တာ၊ ပုလဲ၊ မဏိ၊ ပတ္တမြား၊ ဝေဠုရိယော၊ ကြောင်မျက်ရွဲ၊ သင်္ခေါ၊ ခရုသင်း၊ သိလာ၊ ကျောက်သလင်း၊ ပဝါဠံ၊ သန္တာ၊ ရဇတံ၊ ငွေ၊ ဇာတရူပံ၊ ရွှေ၊ လောဟိတင်္ဂေါ၊ ကျောက်နီ၊ မသာရဂလ္လံ၊ ပတ္တမြားကြောက်၊ ဣတိဣမာနိ၊ ဤသည်တို့တည်း၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝမေဝခေါ၊ ဤအတူသာလျှင်၊ အယံဓမ္မဝိနယော၊ ဤသုတ်အဘိဓမ္မာဝိနည်းသည်၊ ဗဟုရတနော၊ များသောရတနာရှိ၏၊ အနေကရတနော၊ တပါးမကသောရတနာရှိ၏၊ တတြ၊ ထိုသုတ်အဘိဓမ္မာဝိနည်း၌၊ ရတနာနိ၊ ရတနာတို့သည်၊ ဣမာနိ၊ ဤသည်တို့တည်း၊ ဣဒံဣမာနိရတနာနိ၊ ဤရတနာတို့သည်၊ သေယျထာကတမာနိ၊ အဘယ်သည်တို့နည်း၊ စတ္တာရော၊ လေးပါးကုန်သော၊ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့၊ စတ္တာရော၊ လေးပါးကုန်သော၊ သမ္မပ္ပဓာနာ၊ သမ္မပ္ပဓာန်တို့၊ စတ္တာရော၊ လေးပါးကုန်သော၊ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တို့၊

ပဥ္စ၊ ငါးပါးကုန်သော၊ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့၊ ပဥ္စ၊ ငါးပါးကုန်သော၊ ဗလာနိ၊ ဗိုလ်တို့၊ သတ္တ၊ ခုနစ်ပါးကုန်သော၊ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့၊ အရိယော၊ မြတ်သော၊ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော၊ မဂ္ဂေါ၊ မဂ်၊ ဣတိဣမာနိ၊ ဤသည်တို့တည်း၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံ ယေန၊ အကြင်အကြောင်းကြောင့်၊ အယံဓမ္မဝိနယော၊ ဤသုတ်အဘိဓမ္မာဝိနည်းသည်၊ ဗဟုရတနော၊ များသောရတနာရှိ၏၊ အနေကရတနော၊ တပါးမကသောရတနာရှိ၏၊ တတြ၊ ထိုသုတ်အဘိဓမ္မာဝိနည်း၌၊ ရတနာနိ၊ ရတနာတို့သည်၊ ဣမာနိ၊ ဤသည်တို့တည်း၊ ဣမာနိ ရတနာနိ၊ ဤရတနာတို့သည်၊ သေယျထာ ကတမာနိ၊ အဘယ်သည်တို့နည်း၊ စတ္တာရော၊ လေးပါးကုန်သော၊ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့၊ စတ္တာရော၊ လေးပါးကုန်သော၊ သမ္မပ္ပဓာနာ၊ သမ္မပ္ပဓာန်တို့၊ စတ္တာရော၊ လေးပါးကုန်သော ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တို့၊ ပဥ္စ၊ ငါးပါးကုန်သော၊ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့၊ ပဥ္စ၊ ငါးပါးကုန်သော၊ ဗလာနိ၊ ဗိုလ်တို့၊ သတ္တ၊ ခုနစ်ပါးကုန်သော၊ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့၊ အရိယော၊ မြတ်သော၊ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော၊ မဂ္ဂေါ၊ မဂ်၊ ဣတိ ဣမာနိ၊ ဤသည်တို့တည်း၊ ဘိက္ခဝေ၊ ရဟန်းတို့၊ တေန၊ ထိုအကြောင်းကြောင့်၊ ယံ၊ အကြင်အံ့ဘွယ်သရဲကို၊ ဒိသွာဒိသွာ၊ မြင်ကုန်၍ မြင်ကုန်၍၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ အယံပိ၊ ဤသဘောတရားသည်လည်း၊ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌၊ သတ္တမော၊ ခုနစ်ရတို့၏ပြည့်ကြောင်းဖြစ်သော၊ အစ္ဆရိယော၊ အံ့ဘွယ်သရဲသည်၊ အဗ္ဘုတဓမ္မော၊ မဖြစ်စဖူးဖြစ်သော သဘောသည်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ သေယျထာပိ၊ ဥပမာမည်သည်ကား၊ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်၊ မဟတံ၊ ကြီးကုန်သော၊ ဘူတာနံ၊ သတ္တဝါတို့၏၊ အာဝါသော၊ နေရာဖြစ်၏၊ တတြ၊ ထိုမဟာသမုဒ္ဒရာ၌၊ ဘူတာ၊ ကြီးသောသတ္တဝါတို့သည်၊ ဣမေ၊ ဤသည်တို့တည်း၊ တိမိ၊ တိမိမည်သောငါး၊ တိမိင်္ဂလော၊ တိမိင်္ဂလမည်သောငါး၊ တိမိတိမိင်္ဂလော၊ တိမိတိမိင်္ဂလမည်သောငါး၊ အသုရာ၊ အသူရာတို့၊ နာဂါ၊ နဂါးတို့၊ ဂန္ဓဗ္ဗာ၊ ဂန္ဓဗ္ဗနတ်တို့၊ ဣတိ ဣမေ၊ ဤသည်တို့တည်း၊ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌၊ ယောဇနသတိကာ၊ ယူဇနာတရာရှိကုန်သော၊ အတ္တဘာဝါပိ၊ အတ္တဘောတို့သည်လည်း၊ သန္တိ ယထာ၊ ရှိကုန်သကဲ့သို့၊ ဒွိယောဇနသတိကာ၊ ယူဇနာနှစ်ရာရှိကုန်သော၊ အတ္တဘာဝါပိ၊ အတ္တဘောတို့သည်လည်း၊ သန္တိ ယထာ၊ ရှိကုန်သကဲ့သို့၊ တိယောဇနသတိကာ၊ ယူဇနာသုံးရာရှိကုန်သော၊ အတ္တဘာဝါပိ၊ အတ္တဘောတို့သည်လည်း၊ သန္တိ ယထာ၊ ရှိကုန်သကဲ့သို့၊ စတုယောဇန

သတိကာ၊ ယုဇနာဒေသးချာရှိကုန်သော၊ အဏ္ဏဘာဝပါ၊ အဏ္ဏဝေါတို့သည်
လည်း၊ သန္ဒိ ယထာ၊ ရှိကုန် သကဲ့သို့၊ ပဉ္စယောဇနသတိကာ၊ ယုဇနာငါးရာ
ရှိကုန်သော၊ အဏ္ဏဘာဝပါ၊ အဏ္ဏဝေါတို့သည်လည်း၊ သန္ဒိ ယထာ၊ ရှိကုန်
သကဲ့သို့၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ဧဝမေဝ ခေါ၊ ဤအတူသျှင်၊ အယံဓမ္မဝိနယော
ဤသုတ်အဘိဓမ္မာဝိနည်းသည်၊ မဟာတံ၊ ကြီးမြတ်ကုန်သော၊ ဘူတာနံ၊ ပုဂ္ဂိုလ်
တို့၏၊ အာဝါသော၊ နေရာဖြစ်၏၊ တတြ၊ ထိုသုတ်အဘိဓမ္မာဝိနည်း၌၊ ဘူတာ၊
ကြီးမြတ်ကုန်သော ပုဂ္ဂိုလ်တို့သည်၊ ဣမေ၊ ဤသည်တို့တည်း၊ သောတာပ
န္နော၊ သောတာပန်ပုဂ္ဂိုလ်၊ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နော၊
သောတာပတ္တိဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါကျင့်သောပုဂ္ဂိုလ်၊ သကဒါဂါ
မီ၊ သကဒါဂါမိပုဂ္ဂိုလ်၊ သကဒါဂါမိဖလသစ္ဆိကိရိယာယပဋိပန္နော၊ သက
ဒါဂါမိဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါကျင့်သောပုဂ္ဂိုလ်၊ အနာဂါမီ၊ အနာဂါမိ
ပုဂ္ဂိုလ်၊ အနာဂါမိဖလသစ္ဆိကိရိယာယ ပဋိပန္နော၊ အနာဂါမိဖိုလ်ကိုမျက်
မှောက်ပြုခြင်းငှါကျင့်သောပုဂ္ဂိုလ်၊ အရဟာ၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ်၊ အရ
ဟတ္တာယပဋိပန္နော၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သော
ပုဂ္ဂိုလ်၊ ဣတိ ဣမေ၊ ဤသည်တို့တည်း၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယံပေ၊ အကြင်
အကြောင်းကြောင့်၊ အယံ ဓမ္မဝိနယော၊ ဤသုတ်အဘိဓမ္မာဝိနည်းသည်၊ မဟာ
တံ၊ ကြီးမြတ်ကုန်သော၊ ဘူတာနံ၊ ပုဂ္ဂိုလ်တို့၏၊ အာဝါသော၊ နေရာဖြစ်၏၊ တ
တြ၊ ထိုသုတ်အဘိဓမ္မာဝိနည်း၌၊ ဘူတာ၊ ကြီးမြတ်သောပုဂ္ဂိုလ်တို့သည်၊ ဣ
မေ၊ ဤသည်တို့တည်း၊ သောတာပန္နော၊ သောတာပန်ပုဂ္ဂိုလ်၊ သောတာပတ္တိ
ဖလသစ္ဆိကိရိယာယပဋိပန္နော၊ သောတာပတ္တိဖိုလ်ကိုမျက်မှောက်ပြုခြင်း
ငှါကျင့်သောပုဂ္ဂိုလ်၊ သကဒါဂါမီ၊ သကဒါဂါမိပုဂ္ဂိုလ်၊ သကဒါဂါမိဖလ
သစ္ဆိကိရိယာယပဋိပန္နော၊ သကဒါဂါမိဖိုလ်ကိုမျက်မှောက်ပြုခြင်းငှါကျင့်
သောပုဂ္ဂိုလ်၊ အနာဂါမီ၊ အနာဂါမိပုဂ္ဂိုလ်၊ အနာဂါမိဖလသစ္ဆိကိရိယာယ
ပဋိပန္နော၊ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်သောပုဂ္ဂိုလ်၊ အရ
ဟာ၊ အရဟတ္တဖိုလ်ပုဂ္ဂိုလ်၊ အရဟတ္တာယပဋိပန္နော၊ အရဟတ္တဖိုလ်ကို
မျက်မှောက်ပြုခြင်းငှါကျင့်သောပုဂ္ဂိုလ်၊ ဣတိ ဣမေ၊ ဤသည်တို့တည်း၊ ဘိ
က္ခဝေ၊ ရဟန်းတို့၊ တေန၊ ထိုအကြောင်းကြောင့်၊ ယံ၊ အကြင်အံ့ဘွယ်သရဲကို
ဒိသွာ ဒိသွာ၊ မြင်ကုန်၍မြင်ကုန်၍၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ ဣမသ္မိံ ဓမ္မဝိနယေ
ဤသုတ်အဘိဓမ္မာဝိနည်း၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ အယံပိ၊ ဤသ
ဘောတရားသည်လည်း၊ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌၊ အဋ္ဌ
မော၊ ရှစ်ခုတို့၏၊ ဖြည့်ကြောင်းဖြစ်သော၊ အစ္ဆရိယော၊ အံ့ဘွယ်သရဲသည်၊

အဗ္ဘုတဓမ္မော၊ မဖြစ်ဘူးမြဲဖြစ်သော သဘာဝသည်၊ ဟောတိ၊ ဖြစ်၏၊ ဘိက္ခဝေ၊ ရဟန်းတို့၊ ယေ၊ အကြင် သဘောတရားတို့ကို၊ ဒိသွာ ဒိသွာ၊ မြင်ကုန်၍ မြင်ကုန်၍၊ ဘိက္ခူ၊ ရဟန်းတို့သည်၊ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌၊ အဘိရမန္တိ၊ မွေ့လျော်ကုန်၏၊ ဣမေခေါ၊ ဤသဘောတရားတို့သည်၊ ဣမသ္မိံ ဓမ္မဝိနယေ၊ ဤသုတ်အဘိဓမ္မာဝိနည်း၌၊ အဋ္ဌ၊ ရှစ်ပါးကုန်သော၊ အစ္ဆရိယာ၊ အံ့ဩဖွယ်သရဲတို့သည်၊ အဗ္ဘုတဓမ္မာ၊ မဖြစ်ဘူးမြဲဖြစ်ကုန်သော သဘောတို့သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏၊ ဣတိ၊ ဤသို့၊ အာမန္တေသိ၊ မိန့်တော်မူ၏၊ အထ ခေါ၊ ထိုအခါ၌၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ဧတမတ္ထံ၊ ဤအနက်သဘောကို၊ ဝိဒိတွာ၊ သိတော်မူ၍၊ တာယံ ဝေလာယံ၊ ထိုအခါ၌၊ ဣမံ ဥဒါနံ၊ ဤဥဒါန်းကို၊ ဥဒါနေသိ၊ ကျူးရင့်တော်မူ၏၊ ကိံ ဥဒါနေသိ၊ အဘယ်သို့ကျူးရင့်တော်မူသနည်း၊ ဆန္နံ၊ ဖုံးလွှမ်းသောသူကို၊ အတိဝဿတိ၊ မိုးစွတ်၏၊ ဝိဝဋံ၊ ဖွင့်လှစ်သောသူကို၊ နာတိဝဿတိ၊ မိုးမစွတ်၊ တသ္မာ၊ ထိုကြောင့်၊ ဆန္နံ၊ ဖုံးလွှမ်းခြင်းကို၊ ဝိဝရေထ၊ ဖွင့်ကုန်လော့၊ ဧဝံ၊ ဤသို့ဖွင့်သည်ရှိသော်၊ တံ၊ ထိုဖွင့်သောပုဂ္ဂိုလ်ကို၊ နာတိဝဿတိ၊ မိုးမစွတ်၊ ဣတိ၊ ဤသို့၊ ဥဒါနေသိ၊ ကျူးရင့်တော်မူ၏၊ ဣတိ၊ ဤသို့၊ သုတံ၊ ကြားအပ်ပါ၏။ ။

ဥပေါသထသုတ်ပြီး၏။ ။

ဘန္တေကဿပ၊ အရှင်မဟာကဿပ၊ ဣဒံ သုတ္တံ၊ ဤသောဏသုတ်ကို၊ မေ မယာ အာနန္ဒတ္ထေရေန၊ အကျွန်ုပ်အာနန္ဒာမထေရ်သည်၊ ဘဂဝတော၊ မြတ်စွာဘုရား၏၊ သမ္မုခါ၊ မျက်မှောက်တော်မှ၊ ဧဝံ၊ ဤသို့၊ သုတံ၊ ကြားအပ်ပါ၏၊ ကိံ သုတံ၊ အဘယ်သို့ကြားအပ်ပါသနည်း၊ ဧကံ၊ တပါးသော၊ သမယံ၊ အခါ၌၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌၊ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏၊ အာရာမေ၊ အရံဖြစ်သော၊ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌၊ ဝိဟရတိ၊ နေတော်မူ၏၊ တေန ခေါ ပန သမယေန၊ ထိုအခါ၌၊ အာယသ္မာ မဟာကစ္စာနော၊ အရှင်မဟာကစ္စည်းသည်၊ အဝန္တီသု၊ အဝန္တီတိုင်း၌၊ ကုရရဃရေ၊ ကုရရဃရမြို့၌၊ ပဝတ္တေ ပဗ္ဗတေ၊ ပဝတ္တမည်သောတောင်၌၊ ဝိဟရတိ၊ နေ၏၊ တေန ခေါ ပန သမယေန၊ ထိုအခါ၌၊ ကုဋိကဏ္ဏော၊ ကုဋေထိုက်သောနားတန်ဆာကိုဆင်သော၊ သောဏော၊ သောဏမည်သော၊ ဥပါသကော၊ ဥပါသကာသည်၊ အာယသ္မတော မဟာကစ္စာနဿ၊ အရှင်မဟာကစ္စည်း၏၊ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်၊ ဟောတိ၊ ဖြစ်၏၊ အထ ခေါ၊ ထိုအခါ၌၊ ကုဋိကဏ္ဏဿ၊ ကုဋေထိုက်သောနားတန်ဆာကိုဆင်သော၊ သောဏဿ၊ သောဏမည်းသော၊ ဥပါသကဿ၊ ဥပါသကာ

အား၊ ရဟောဂတဿ၊ ဆိတ်ငြိမ်ရာသို့ကပ်၍၊ ပဋိသလ္လီနဿ၊ တယောက် အထည်းတည်းနေစဉ်၊ ဧဝံ၊ ဤသို့၊ စေတသော၊ စိတ်၏၊ ပရိဝိတက္ကော၊ အကြံသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်၏၊ ကိံ ဥဒပါဒိ၊ အဘယ်သို့ထင်ရှားဖြစ်သနည်း၊ ခေါ၊ စင်စစ်၊ ယထာယထာ၊ အကြင်အကြင်သို့သော အခြင်းအရာဖြင့်၊ အယျော မဟာကစ္စာနော၊ အရှင်မဟာကစ္စည်းသည်၊ ဓမ္မံ၊ တရားတော်ကို၊ ဒေသေတိ၊ ဟော၏၊ တထာတထာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်၊ ဣဒံ ဗြဟ္မစရိယံ၊ ဤမြတ်သော အကျင့်ကို၊ အဂါရံ၊ အိမ်ရာ ထောင်သော လူဘို့ဘောင်၌၊ အဇ္ဈာဝသတာ၊ နေသောသူသည်၊ ဧကန္တ ပရိပုဏ္ဏံ၊ စင်စစ်ပြည့်စုံစွာ၊ ဧကန္တပရိသုဒ္ဓံ၊ စင်စစ်စင်ကြယ်စွာ၊ သင်္ခလိခိတံ၊ ခရုသင်းပွတ်သစ်နှင့်တူစွာ၊ စရိတုံ၊ ကျင့်ခြင်းငှါ၊ နသုကရံ၊ မလွယ်၊ ယံနူနယဒိပန၊ စင်စစ်ချင်၊ အဟံ၊ ငါသည်၊ ကေသမဿုံ၊ ဆံမုတ်ဆိတ်ကို၊ ဩဟာရေတွာ၊ ချ၍၊ ကာသာယာနိ၊ ဖန်ရည်စွန်းကုန်သော၊ ဝတ္ထာနိ၊ အဝတ်တို့ကို၊ အစ္ဆာဒေတွာ၊ ဖုံးလွှမ်း၍၊ အဂါရသ္မာ၊ အိမ်ရာထောင်သော လူဘို့ဘောင်မှ၊ အနဂါရိယံ၊ အိမ်ရာမထောင်သော ရဟန်းတို့ဘောင်၌၊ ပဗ္ဗဇေယျံ၊ ရဟန်းပြုအံ့၊ ဣတိ၊ ဤသို့၊ ဥဒပါဒိ၊ ထင်ရှားဖြစ်၏၊ အထခေါ၊ ထိုအခါ၌၊ ကုဋိကဏ္ဏော၊ ကုရရဃိုက်သော နားတန်ဆာကို ဆင်သော၊ သောဏော၊ သောဏမည်သော၊ ဥပါသကော၊ ဥပါသကာသည်၊ ယေန၊ အကြင်အရပ်၌၊ အာယသ္မာ မဟာကစ္စာနော၊ အရှင်မဟာကစ္စည်းသည်၊ အတ္ထိ၊ ရှိ၏၊ တေန၊ ထိုအရပ်သို့၊ ဥပသင်္ကမိ၊ ကပ်၏၊ ဥပသင်္ကမိတွာ၊ ကပ်ပြီး၍၊ အာယသ္မန္တံ မဟာကစ္စာနံ၊ အရှင်မဟာကစ္စည်းကို၊ အဘိဝါဒေတွာ၊ ရှိသစွာရှိခိုး၍၊ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သော အရပ်၌၊ နိသီဒိ၊ ထိုင်နေ၏၊ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သော အရပ်၌၊ နိသိန္နော၊ ခေါ၊ ထိုင်နေပြီးသော၊ ကုဋိကဏ္ဏော၊ ကုရရဃိုက်သော နားတန်ဆာကိုဆင်သော၊ သောဏော၊ သောဏမည်သော၊ ဥပါသကော၊ ဥပါသကာသည်၊ အာယသ္မန္တံ မဟာကစ္စာနံ၊ အရှင်မဟာကစ္စည်းကို၊ ဧတံ၊ ဤစကားကို၊ အဝေါစ၊ လျှောက်၏၊ ကိံ အဝေါစ၊ အဘယ်သို့လျှောက်သနည်း၊ ဘန္တေ၊ အရှင်ဘုရားမဟာကစ္စည်း၊ ဣဓ၊ ဤအခါ၌၊ မယှံ၊ အကျွန်ုပ်အား၊ ရဟောဂတဿ၊ ဆိတ်ငြိမ်ရာသို့ကပ်၍၊ ပဋိသလ္လီနဿ၊ တယောက်အထည်းတည်းနေစဉ်၊ ဧဝံ၊ ဤသို့၊ စေတသော၊ စိတ်၏၊ ပရိဝိတက္ကော၊ အကြံသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်၏၊ ကိံ ဥဒပါဒိ၊ အဘယ်သို့ထင်ရှားဖြစ်သနည်း၊ ခေါ၊ စင်စစ်၊ ယထာယထာ၊ အကြင်အကြင်သို့သော အခြင်းအရာဖြင့်၊ အယျော မဟာကစ္စာနော၊ အရှင်မဟာကစ္စည်းသည်၊ ဓမ္မံ၊ တရား

တော်ကို၊ဒေသေတိ၊ဟောအံ့၊ တထာတထာ၊ ထိုထိုသို့သောအခြင်းအရာ ဖြင့်၊ရှေးအံ့၊ဗြဟ္မစရိယံ၊ဤမြတ်သောအကျင့်ကို၊အာဂါရံ၊အိမ်ရာထောင်သောလူ တို့ဘောင်၌၊အဇ္ဈာဝသတာ၊နေသောသူသည်၊ဧကန္တပရိပုဏ္ဏံ၊စင်စစ်ပြည့် စုံစွာ၊ဧကန္တပရိသုဒ္ဓံ၊စင်စစ်စင်ကြယ်စွာ၊ သင်္ခလိခိတံ၊ခရုသင်းပွတ်နှင့်တူ စွာ၊စရိတုံ၊ကျင့်ခြင်းငှါ၊နသုကရံ၊မလွယ်၊ယံနူန ဒါပန၊စင်စစ်လျှင်၊အဟံ ငါသည်၊ကေသမဿုံ၊ဆံရိတ်ဆိတ်ကို၊ ဩဟာရေတွာ၊ချ၍၊ကာသာယာ နိ၊ဖန်ရည်စွန်းကုန်သော၊ ဝတ္ထာနိ၊အဝတ်တို့ကို၊ အစ္ဆာဒေတွာ၊ဖုံးလွှမ်း၍၊ အဂါရသ္မာ၊အိမ်ရာထောင်သော လူတို့ဘောင်မှ၊ နိက္ခမိတွာ၊ထွက်၍၊အန ဂါရိယံ၊ အိမ်ရာမထောင်သောရဟန်းဘောင်၌၊ ပဗ္ဗာဇေယျံ၊ရဟန်းပြုအံ့၊ ဣတိ၊ဤသို့၊ ဥဒပါဒိ၊ထင်ရှားဖြစ်၏၊ ဘန္တေ၊အရှင်ဘုရား၊ မံ၊အကျွန်ုပ်ကို၊ အယျော မဟာကစ္စာနော၊အရှင်မဟာကစ္စည်းသည်၊ ပဗ္ဗာဇေတု၊ရဟန်းပြု တော်မူပါ၊ဣတိ၊ဤသို့၊အဝေါစ၊လျှောက်၏၊ဧဝံ၊ဤသို့၊ဝုတ္တေ၊လျှောက်အပ် သော်၊အာယသ္မာမဟာကစ္စာနော၊အရှင်မဟာကစ္စည်းသည်၊ ကုဋိကဏ္ဏံ၊ ကုဋေထိုက်သောနားတန်ဆာကိုဆင်သော၊ သောဏံ၊သောဏမည်သော၊ ဥပါသကံ၊ဥပါသကာကို၊ ဧတံ၊ဤစကားကို၊ အဝေါစ၊ဆို၏၊ကိံ၊အ ဝေါစ၊အဘယ်သို့ ဆိုသနည်း၊ သောဏ၊ သောဏ၊ ယာဝဇီဝံ၊ အသက် ထက်ဆုံး၊ ဧကဘတ္တံ၊တထပ်တည်းသော ဆွမ်းကိုစားခြင်းရှိသော၊ ဧက သေယျံ၊တယောက်ထည်းသော အိပ်ခြင်းရှိသော၊ ဗြဟ္မစရိယံ၊မြတ်သော အကျင့်သည်၊ ဒုက္ကရံခေါ၊ခဲရင်း၏၊ သောဏ၊ဒါယကာ သောဏ၊ ဣဓ၊ငါ တိုက်တွန်းပါ၏၊ တွံ၊သင်သည်၊ တတ္ထေဝ၊ ထိုလူတို့ ဘောင်၌ပင်လျှင်၊ အဂါရိကဘူတော၊ အိမ်ရာထောင်သော လူဘောင်၌ နေသောသူသည်၊ သမာနော၊ ဖြစ်လျက်၊ ဗုဒ္ဓသာသနံ၊ ဘုရားရှင်တို့၏ အဆုံးအမဖြစ်သော၊ ကာလယုတ္တံ၊ အခါနှင့်လျော်စွာ၊ ဧကဘတ္တံ၊ တထပ်ထည်းသောဆွမ်းကို စားခြင်းရှိသော၊ ဧကသေယျံ၊ တယောက်ထည်းသော အိပ်ခြင်းရှိသော၊ ဗြဟ္မစရိယံ၊မြတ်သောအကျင့်ကို၊ အနုယုဉ္ဇ၊အားထုတ်လေလော့၊ဣတိ၊ဤ သို့၊အဝေါစ၊မိန့်တော်မူ၏၊အထခေါ၊ထိုအခါ၌၊ကုဋိကဏ္ဏဿ၊ကုဋေထိုက် သောနားတန်ဆာကိုဆင်သော၊ သောဏဿ၊သောဏမည်သော၊ဥပါသ ကဿ၊ဥပါသကာ၏၊ ယော ပဗ္ဗဇ္ဇာဘိသင်္ခါရော၊ အကြင်ရဟန်းပြုအံ့သော အစီအရင်သည်၊အဟောသိ၊ဖြစ်၏၊ သော၊ထိုရဟန်းပြုအံ့သော အစီအရင် သည်၊ ပဋိပဿမ္ဘိ၊ငြိမ်းလေ၏၊ဒုတိယမ္ပိခေါ၊ နှစ်ကြိမ်မြောက်လည်း၊(ပ)၊ အာယသ္မာမဟာကစ္စာနော၊ အရှင်မဟာကစ္စည်းသည်၊ ကုဋိကဏ္ဏံ၊ကုဋေ

ထိုက်သော နားတန်ဆာကိုဆင်သော၊ သောဏော၊သောဏမည်သော၊ ဥပါ
သကော၊ ဥပါသကာကို၊ဧတံဝစနံ၊ ဤစကားကို၊အဝေါစ၊မိန့်တော်မူ၏၊ ကိံ
အဝေါစ အဘယ်သို့ မိန့်တော်မူသနည်း။ သောဏ၊ ဒါယကာသောဏ၊
ယာဝဇီဝံ၊ အသက်ထက်ဆုံး၊ ဧကဘတ္တံ၊ တထပ်ထည်းသော ထွမ်းကိုစား
ခြင်းရှိသော၊ ဧကသေယျံ၊ တယောက်ထည်းသောအိပ်ခြင်းရှိသော၊ ဗြဟ္မ
စရိယံ၊မြတ်သော အကျင့်သည်၊ ဒုက္ကရံခေါ၊ ခဲရင်းသည်သာတည်း။ သော
ဏ၊ ဒါယကာသောဏ၊ ဣင်္ဃ၊တိုက်တွန်းပါ၏၊ တွံ၊သင်သည်၊ တတ္ထေဝ၊
ထိုလူ၌အဖြစ်၌သာလျှင်၊အာဂါရိကဘူတော၊လူဖြစ်၍ဖြစ်သည်၊သမာနော၊
ဖြစ်လျက်၊ဗုဒ္ဓါနံ၊ဘုရားရှင်တို့၏၊သာသနံ၊အဆုံးအမတော်ဖြစ်သော၊ကာလ
ယုတ္တံ၊အခါနှင့်လျော်စွာ၊ဧကဘတ္တံ၊ တထပ်ထည်းသောထွမ်းကိုစားခြင်းရှိ
သော၊ဧကသေယျံ၊တယောက်ထည်းသော အိပ်ခြင်းရှိသော၊ဗြဟ္မစရိယံ၊
မြတ်သောအကျင့်ကို၊အနုယုဉ္ဇ၊အားထုတ်ပါလော၊ ဣတိ၊ဤသို့၊အဝေါစ၊
ဆို၏၊ ဒုတိယမ္ပိခေါ၊ နှစ်ကြိမ်မြောက်လည်း၊ ကုဋိကဏ္ဏသော၊ကုဋေထိုက်
သောနားတန်ဆာကိုဆင်သော၊ သောဏဿ၊သောဏမည်သော၊ ဥပါသ
ကဿ၊ဥပါသကာ၏၊ယောပဗ္ဗဇ္ဇာဘိသင်္ခါရော၊အကြောင်းရဟန်းပြုအံ့သော
အစီအရင်သည်၊အဟောသိ၊ဖြစ်၏သော၊ထိုအစီအရင်သည်၊ပဋိပဿမ္ဘိ၊
ငြိမ်းလေ၏၊တတိယမ္ပိခေါ၊သုံးကြိမ်မြောက်လည်း၊ ကုဋိကဏ္ဏဿ၊ကုဋေ
ထိုက်သော နားတန်ဆာကိုဆင်သော၊ သောဏဿ၊ သောဏမည်သော၊
ဥပါသကဿ၊ ဥပါသကာအား၊ ရဟောဂတဿ၊ ဆိတ်ငြိမ်ရာသို့ကပ်၍၊
ပဋိသလ္လိနဿ၊ တယောက်အထည်းတည်းနေ၍၊ ဧဝံ၊ဤသို့၊စေတသော၊
စိတ်၏၊ပရိဝိတက္ကော၊အကြံသည်၊ ဥဒပါဒိ၊ထင်ရှားဖြစ်၏၊ ကိံ ဥဒပါဒိ၊အ
ဘယ်သို့ ထင်ရှားဖြစ်သနည်း၊ ယထာယထာ၊ အကြင်အကြင်သို့သော အ
ခြင်းအရာအားဖြင့်၊ အယျောမဟာကစ္စာနော၊ အရှင်မဟာကစ္စည်းသည်၊
ဓမ္မံ၊ တရားတော်ကို၊ ဒေသေတိ၊ဟော၏၊ တထာတထာ၊ ထိုထိုသို့သော
အခြင်းအရာအားဖြင့်၊ ဣဒံ၊ ဗြဟ္မစရိယံ၊ ဤမြတ်သောအကျင့်ကို၊ အဂါရံ၊
အိမ်ရာထောင်သောလူ၏ဘောင်၌၊ အဇ္ဈာဝသတာ၊နေသောသူသည်၊ဧက
န္တပရိပုဏ္ဏံ၊စင်စစ်ပြည့်စုံစွာ၊ ဧကန္တပရိသုဒ္ဓံ၊စင်စစ်စင်ကြယ်စွာ၊သင်္ခလိ
ခိတံ၊ခရုသင်းပွတ်နှင့်တူစွာ၊စရိတုံ၊ကျင့်ခြင်းငှါ၊နသုကရံ၊မလွယ်၊ ယံနူန
ယာဟံ၊စင်စစ်သျှင်၊အဟံ၊ငါသည်၊ကေသမဿုံ၊ဆံမုတ်ဆိတ်ကို၊ဩဟာ
ရေတွာ၊ချ၍၊ကာသာယာနိ၊ဖန်ရည်စွန်းကုန်သော၊ ဝတ္ထာနိ၊အဝတ်တို့ကို၊
အစ္ဆာဒေတွာ၊ ဖုံးလွှမ်း၍၊ အဂါရသ္မာ၊အိမ်ရာထောင်သောလူ၏ဘောင်မှ၊

နိက္ခမိတွာ၊ ထွက်၍၊ အနဂါရိယံ၊ အိမ်ရာမထောင်သော ရဟန်းဘောင်၌၊
ပဗ္ဗာဇေယျုံ၊ ရဟန်းပြုအံ့၊ ဆုတိ၊ ဤသို့၊ ဥဒပါဒိ၊ ထင်ရှားဖြစ်၏၊ တတိယ မွေ့ခဲ၊
သုံးကြိမ်မြောက်လည်း။ ကုဒ္ဒိုကမ္ဘော္တာ၊ ကုဋ္ဌေထိုက်သော နားတန်ဆာကို
ဆင်သော၊ သောဏော၊ သောဏအမည်သော၊ ဥပါသကော၊ ဥပါသကာသည်၊
ယေန၊ အကြင်အရပ်၌၊ အာယသ္မာမဟာကစ္စာနော၊ အရှင်မဟာကစ္စည်းသည်
အတ္တိ၊ ရှိတော်မူ၏၊ တေန၊ ထိုအရပ်သို့၊ ဥပသင်္ကမိ၊ ကပ်၏၊ ဥပသင်္ကမိတွာ၊
ကပ်ပြီး၍၊ အာယသ္မန္တံ မဟာကစ္စာနံ၊ အရှင်မဟာကစ္စည်းကို၊ အဘိဝါဒေ
တွာ၊ ရှိသေစွာရှိခိုး၍၊ ဧကမန္တံ၊ သင့်တင့်လျော်ပတ်သော အရပ်၌၊ နိသိဒိ၊
ထိုင်နေ၏၊ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သော အရပ်၌၊ နိသိန္နောခေါ၊ ထိုင်
နေကြပြီးသော၊ ကုဒ္ဒိုကမ္ဘော္တာ၊ ကုဋ္ဌေထိုက်သောနားတန်ဆာကိုဆင်သော၊
သောဏော၊ သောဏအမည်သော၊ ဥပါသကော၊ ဥပါသကာသည်၊ အာယသ္မ
န္တံ မဟာကစ္စာနံ၊ အရှင်မဟာကစ္စည်းကို၊ ဧတံဝစနံ၊ ဤစကားကို၊ အဝေါစ၊
လျှောက်၏၊ ကိံ အဝေါစ၊ အဘယ်သို့လျှောက်သနည်း၊ ဘန္တေ၊ အရှင်ဘုရား၊
ဣဓ၊ ဤအခါ၌၊ မယှံ၊ အကျွန်ုပ်အား၊ ရဟောဂတဿ၊ ဆိတ်ငြိမ်ရာသို့ကပ်
စဉ်၊ ပဋိသလ္လီနဿ၊ တယောက် အထည်းတည်းနေစဉ်၊ ဧဝံ၊ ဤသို့၊ စေတ
သော၊ စိတ်၏၊ ပရိဝိတက္ကော၊ အကြံသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပါ၏၊ ကိံ ဥဒ
ပါဒိ၊ အဘယ်သို့ ထင်ရှားဖြစ်သနည်း၊ ခေါ၊ စင်စစ်လျှင်၊ ယထာ ယထာ၊ အ
ကြင်အကြင်သို့သော အခြင်းအရာအားဖြင့်၊ အယျော မဟာကစ္စာနော၊ အရှင်
မဟာကစ္စည်းသည်၊ ဓမ္မံ၊ တရားတော်ကို၊ ဒေသေတိ၊ ဟော၏၊ တထာ တ
ထာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်၊ အုတ်ဖြေဟူစရိယံ၊ ဤဖြတ်သော
အကျင့်ကို၊ အဂါရံ၊ အိမ်ရာထောင်သောလူ၏ဘောင်၌၊ အဇ္ဈာဝသတာ၊ နေ
သောသူသည်၊ ဧကန္တပရိပုဏ္ဏံ၊ စင်စစ်ပြည့်စုံစွာ၊ ဧကန္တပရိသုဒ္ဓံ၊ စင်စစ်
စင်ကြယ်စွာ၊ သင်္ခလိခိတံ၊ ခရုသင်းပွတ်သစ်နှင့်တူစွာ၊ စရိတုံ၊ ကျင့်ခြင်းငှါ
နသုကရံ၊ မလွယ်၊ ယံနူနယဒိပန၊ စင်စစ်လျှင်၊ အဟံ၊ ငါသည်၊ ကေသမဿုံ၊
ဆံရိတ်ဆိတ်ကို၊ ဩဟာရေတွာ၊ ချ၍၊ ကာသာယာနိ၊ ဖန်ရည်စွန်းကုန်သော
ဝတ္ထာနိ၊ အဝတ်တို့ကို၊ အစ္ဆာဒေတွာ၊ ဖုံးလွှမ်း၍၊ အဂါရသ္မာ၊ အိမ်ရာထောင်
သောလူ၏ဘောင်မှ၊ နိက္ခမိတွာ၊ ထွက်၍၊ အနဂါရိယံ၊ အိမ်ရာမထောင်
ရဟန်းဘောင်၌၊ ပဗ္ဗာဇေယျံ၊ ရဟန်းပြုအံ့၊ ဆုတိ၊ ဤသို့၊ ဥဒပါဒိ၊ ထင်ရှားဖြစ်
၏၊ ဘန္တေ၊ အရှင်ဘုရား၊ မံ၊ အကျွန်ုပ်ကို၊ အယျော မဟာကစ္စာနော၊ အရှင်
မဟာကစ္စည်းသည်၊ ပဗ္ဗာဇေတု၊ ရဟန်းပြုပါလော၊ ဆုတိ၊ ဤသို့၊ အဝေါစ၊
လျှောက်၏၊ အထခေါ၊ ထိုအခါ၌၊ အာယသ္မာ မဟာကစ္စာနော၊ အရှင်မဟာ

ကပ္ပည်းသည်၊ ကုဋိကဏ္ဏံ၊ ကုဋေထိုက်သောနားတန်ဆာကို ဆင်သော၊ သောဏံ၊ သောဏမည်သော၊ ဥပါသကံ၊ ဥပါသကာကို၊ ပဗ္ဗာဇေသိ၊ ရှင်ပြုစေ၏၊ တေနခေါ ပန သမယေန၊ ထိုအခါ၌၊ အဝန္တိဒက္ခိဏာပထော၊ အဝန္တိတိုင်းဒက္ခိဏာပထအရပ်သည်၊ အပ္ပဘိက္ခုကော၊ နည်းသော ရဟန်းရှိသည်၊ ဟောတိ၊ ဖြစ်၏၊ အထခေါ၊ ထိုအခါ၌၊ အာယသ္မာမဟာကစ္စာနော၊ အရှင်မဟာကစ္စည်းသည်၊ တိဏ္ဏံ ဝဿာနံ၊ သုံးနှစ်တို့၏၊ အစ္စယေန၊ လွန်သဖြင့်၊ ကိစ္ဆေန၊ ပြုပြင်စွာ ကသိရေန၊ ပင်ပန်းစွာ၊ တတော တတော၊ ထိုထိုအရပ်မှ၊ ဒသဝဂ္ဂံ၊ တကျိပ်အရရှိသော၊ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို၊ သန္နိပါတေတွာ၊ စည်းဝေးစေ၍ အာယသ္မန္တံ သောဏံ၊ အရှင်သောဏကို၊ ဥပသမ္ပာဒေသိ၊ ပဉ္စင်းခံစေ၏၊ အထခေါ၊ ထိုအခါ၌၊ အာယသ္မတော သောဏဿ၊ အရှင်သောဏအား၊ ရဟောဂတဿ၊ ဆိတ်ငြိမ်ရာသို့ကပ်စဉ်၊ ပဋိသလ္လီနဿ၊ တယောက် အထည်းတည်းနေစဉ်၊ ဧဝံ၊ ဤသို့၊ စေတသော၊ စိတ်၏၊ ပရိဝိတက္ကော၊ အကြံသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်၏၊ ကိံ ဥဒပါဒိ၊ အဘယ်သို့ထင်ရှားဖြစ်သနည်း၊ မေ၊ ငါသည်၊ သောဘဂဝါ၊ ထိုမြတ်စွာဘုရားကို၊ သမ္မုခါ၊ မျက်မှောက်၌၊ နခေါဒိဋ္ဌော၊ မမြင်အပ်စဖူး၊ အပိစ၊ စင်စစ်သော်ကား၊ မေ၊ ငါသည်၊ သောဘဂဝါ၊ ထိုမြတ်စွာဘုရားကို၊ ဤဒိသော စ၊ ဤသို့သဘောထည်းရှိ၏၊ ဤဒိသော စ၊ ဤသို့သဘောထည်းရှိ၏၊ ဣတိ၊ ဤသို့၊ သုတောယေဝ၊ ကြားအပ်ဖူးသည်သာတည်း၊ ယဒိ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်၊ သစေအနုဇာနေယျ၊ အကယ်၍ခွင့်ပြုအံ့၊ အဟံ၊ ငါသည်၊ ဘဂဝန္တံ၊ ဘုန်းတော်ရှိသော၊ အရဟန္တံ၊ ပဉ္စည်းဆေးပါးကိုခံတော်မူထိုက်သော၊ တံသမ္မာသမ္ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို၊ ဒဿနာယ၊ ဖူးမြော်သော ငှါ၊ ဂစ္ဆေယျံ၊ သွားအံ့၊ ဣတိဧဝံ၊ ဤသို့၊ ဥဒပါဒိ ထင်ရှားဖြစ်၏၊ အထခေါ၊ ထိုအခါ၌၊ အာယသ္မာသောဏော၊ အရှင်သောဏသည်၊ သာယနှသမယံ၊ ညချမ်းအခါ၌၊ ပဋိသလ္လာနာ၊ တယောက်အထည်းတည်းနေရာမှ၊ ဝုဋ္ဌိတော၊ ထ၍၊ ယေန၊ အကြင်အရပ်၌၊ အာယသ္မာမဟာကစ္စာနော၊ အရှင်မဟာကစ္စည်းသည်၊ အတ္ထိ၊ ရှိ၏၊ တေန၊ ထိုအရပ်သို့၊ ဥပသင်္ကမိ၊ ကပ်၏၊ ဥပသင်္ကမိတွာ၊ ကပ်ပြီး၍၊ အာယသ္မန္တံ မဟာကစ္စာနံ၊ အရှင်မဟာကစ္စည်းကို၊ အဘိဝါဒေတွာ၊ ရှိခိုးစွာရှိခိုး၍၊ ဧကမန္တံ၊ သင့်တင့်လျှောက်ပတ်သောအရပ်၌၊ နိသီဒိ၊ ထိုင်နေ၏၊ ဧကမန္တံ၊ သင့်တင့်လျှောက်ပတ်သောအရပ်၌၊ နိသိန္နောခေါ၊ ထိုင်နေပြီးသော၊ အာယသ္မာသောဏော၊ အရှင်သောဏသည်၊ အာယသ္မန္တံ မဟာကစ္စာနံ၊ အရှင်မဟာကစ္စည်းကို၊ ဧတံ ဝစနံ၊ ဤစကားကို၊ အဝေါစ၊ လျှောက်၏၊ ကိံ အဝေါစ၊ အဘယ်သို့လျှောက်သ

နည်း၊ ဘန္တေ၊ အရှင်ဘုရား၊ ဣဓ၊ ဤအခါ၌၊ မယှံ၊ အကျွန်ုပ်အား၊ ရဟောဂတ
ဿ၊ ဆိတ်ငြိမ်ရာသို့ကပ်စဉ်၊ ပဋိသလ္လီနဿ၊ တယောက်ဆထည်းထည်းနေ
စဉ်၊ ဧဝံ၊ ဤသို့၊ စေတသော၊ စိတ်၏၊ ပရိဝိတက္ကော၊ အကြံသည်၊ ဥဒပါဒိ၊ ထင်
ရှားဖြစ်ပါ၏၊ ကိံ၊ ဥဒပါဒိ၊ အဘယ်သို့ထင်ရှားဖြစ်သနည်း။ မေ၊ ငါသည်၊ သော
ဘဂဝါ၊ ထိုမြတ်စွာဘုရားကို၊ သမ္မုခါ၊ မျက်မှောက်၌နေခါနင်ရွေ၊ မမြင်အပ်
စဘူး၊ အသိဝ၊ စင်စစ်၊ မေ၊ ငါသည်၊ သောဘဂဝါ၊ ထိုမြတ်စွာဘုရားကို၊ ဤမိ
သော၊ ဤသို့သဘောလည်းရှိ၏၊ ဤမိသော၊ ဤသို့သဘောထည်းရှိ၏၊ ဣ
တိ၊ ဤသို့၊ သုတောယေဝ၊ ကြားအပ်ဘူးသည်သာတည်း။ မံ၊ ငါ့ကို၊ ဥပဇ္ဈာ
ယော၊ ဥပဇ္ဈာယ်ဆရာသည်၊ သစေအနုဇာနေယျ၊ အကယ်၍ခွင့်ပြုအံ့၊ အဟံ၊
ငါသည်၊ ဘဂဝန္တံ၊ ဘုန်းတော်ရှိသော၊ အရဟန္တံ၊ ပစ္စည်းလေးပါးကိုခံတော်
မူထိုက်သော၊ တံ၊ သမ္မာသမ္ဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို၊ ဒဿနာယ၊ ဖူးမြင်အံ့
သောငှါ၊ ဂစ္ဆေယျံ၊ သွားအံ့၊ ဣတိ၊ ဧဝံ၊ ဤသို့၊ ဥဒပါဒိ၊ ထင်ရှားဖြစ်ပါ၏၊ ဣတိ
ဤသို့၊ အဝေါစ၊ လျှောက်၏။ သောဏ၊ သောဏ၊ သာဓုသာဓု၊ ကောင်းစွ
ကောင်းစွ၊ သောဏ၊ သောဏ၊ တွံ၊ သင်သည်၊ ဘဂဝန္တံ၊ ဘုန်းတော်ရှိသော၊
အရဟန္တံ၊ ပစ္စည်းလေးပါးကိုခံတော်မူထိုက်သော၊ တံ၊ သမ္မာသမ္ဗုဒ္ဓံ၊ ထိုမြတ်
စွာဘုရားကို၊ ဒဿနာယ၊ ဖူးမြင်အံ့သောငှါ၊ ဂစ္ဆ၊ သွားချေ၊ သောဏ၊ သော
ဏ၊ တွံ၊ သင်သည်၊ ပါသာဒိကံ၊ ကြည်ညိုဖွယ်ရှိတော်မူသော၊ ပသာဒနီယံ၊
ရှုခြင်းဖွယ်ရှိတော်မူသော၊ သန္တိန္ဒြိယံ၊ ငြိမ်သက်သောဣန္ဒြေငါးပါးရှိတော်
မူသော၊ သန္တမာနသံ၊ ငြိမ်သက်သောနှလုံးရှိတော်မူသော၊ ဥတ္တမဒမထ
မထမနုပ္ပတ္တံ၊ မြတ်သောဆုံးမခြင်းဖြင့် ဆုံးမအပ်သည်၏ အဖြစ်သို့ရောက်
တော်မူသော၊ ဒန္တံ၊ ယဉ်ကျေးတော်မူသော၊ ဂုတ္တံ၊ စောင့်ရှောက်တော်မူ
သော၊ ယတိန္ဒြိယံ၊ ငြိမ်သက်သောမနိန္ဒြေရှိတော်မူသော၊ နာဂံ၊ တုန်လှုပ်ခြင်း
ရှိတော်မမူသော၊ တံ၊ ဘဂဝန္တံ၊ ထိုမြတ်စွာဘုရားကို၊ ဒက္ခိသသိ၊ ဖူးမြင်ရ
လတ္တံ့၊ ဒိသွာန၊ ဖူးမြင်ပြီး၍၊ မမ၊ ငါ၏၊ ဝစနေန၊ စကားဖြင့်၊ ဘဂဝတော၊ မြတ်
စွာဘုရား၏၊ ပါဒေ၊ ခြေတော်တို့ကို၊ သိရသာ၊ ဦးခေါင်းဖြင့်၊ ဝန္ဒာဟိ၊ ရှိခိုးပါ
လေ၊ ဝန္ဒိတွာ၊ ရှိခိုးပြီး၍၊ ဘဂဝန္တံ၊ မြတ်စွာဘုရားကို၊ အပ္ပါဗာဓံ၊ အနာမရှိ
သည်ကို၊ အပ္ပါတင်္ကံ၊ ဆင်းရဲမရှိသည်ကို၊ လဟုဋ္ဌာနံ၊ လျင်စွာထကြွနိုင်
သည်ကို၊ ဗလံ၊ အားရှိသည်ကို၊ ဖာသုဝိဟာရံ၊ ချမ်းသာစွာနေရသည်ကို၊
ပုစ္ဆာဟိ၊ မေးလျှောက်ပါလေ၊ ဣတိ၊ ဤသို့၊ အဝေါစ၊ ဆို၏။ ဘန္တေ၊ အရှင်
ဘုရား၊ ဧဝံ၊ ဤသို့ကောင်းပါပြီ၊ ဣတိ၊ ဤသို့လျှင်၊ အာယသ္မာ၊ သောဏော၊
အရှင်သောဏသည်၊ အာယသ္မတော၊ မဟာကစ္စာနဿ၊ အရှင်မဟာကစ္စည်း

၏၊ ဘဝသိတ်၊ ဆိုသော စကားကို၊ အဘိနန္ဒိတွာ၊ ဧလွှန့်နှစ်သက်၍၊ အာသနာ
နေရာမှ၊ ဥဋ္ဌာယ၊ ထ၍၊ အာယသ္မန္တံ မဟာကစ္စာနံ၊ အရှင်မဟာကစ္စည်းကို၊
အဘိဝါဒေတွာ၊ ရှိခိုးသွား၍၊ ပဒက္ခိဏံ၊ လက်ယာရစ်ထည်သည်ကား ကတွာ
ပြု၍၊ သေနာသနံ၊ အိပ်ရာနေရာကို၊ သံသာမေတွာ၊ သိမ်း၍၊ ပတ္တစီဝရံ၊ သ
ပိတ်သက်နှင်းကို၊ အာဒါယ၊ ယူ၍ ယေန၊ အကြင်အရပ်၌၊ သာဝတ္ထိယံ၊ သာဝ
တ္ထိပြည်သည်၊ အတ္ထိ၊ ရှိ၏၊ တေန၊ ထိုအရပ်သို့၊ စာရိကံ၊ ဒေသစာရီကို၊ ပက္ကာမိ၊
ပဲ၏၊ အနုပုဗ္ဗေန၊ ခရီးအစဉ်အားဖြင့်၊ စာရိကံ၊ ဒေသစာရီကို၊ စရမာနော၊
လှည့်လည်သည်ရှိသော်၊ ယေန၊ အကြင်အရပ်၌၊ သာဝတ္ထိ၊ သာဝတ္ထိပြည်
သည်၊ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏၊ အာရာမော၊ အရံဖြစ်
သော၊ ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်သည်၊ အတ္ထိ၊ ရှိ၏၊ ယေန၊ အကြင်
အရပ်၌၊ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ အတ္ထိ၊ ရှိတော်မူ၏၊ တေန၊ ထိုအရပ်သို့
ဥပသင်္ကမိ၊ ကပ်၏၊ ဥပသင်္ကမိတွာ၊ ကပ်ပြီး၍၊ ဘဂဝန္တံ၊ မြတ်စွာဘုရားကို၊
အဘိဝါဒေတွာ၊ ရှိခိုးသွား၍၊ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအ
ရပ်၌၊ နိသီဒိ၊ ထိုင်နေ၏၊ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သောအရပ်၌၊ နိသိ
န္နံ ခေါ၊ ထိုင်နေပြီးသော၊ အာယသ္မာ သောဏော၊ အရှင်သောဏသည်၊ ဘဂ
